ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
(Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၁၃၇၈) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က)	**စီမံကိန်းအဆိုပြုသူ**	- ဦးသန်းထိုက်စံ (မန်နေးဂျင်းဒါရိုက်တာ)
(ခ)	**ဆက်သွယ်ရန် လိပ်စာ**	- Mandalay Business Capital City Development Ltd.၊ အမှတ် (၁၇/၁၀)၊ မြစန္ဒာလမ်းနှင့် ၂၇ လမ်းထောင့်၊ ပြည်ကြီးမျက်မှန်ရုပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
(ဂ)	**စီမံကိန်းအမျိုးအစား**	- အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း
(ဃ)	**စီမံကိန်းကာလ**	- အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ
(c)	**စီမံကိန်း၏ အရွယ်အစား**	- (၂,၅၀၀) ဧက
(စ)	**စီမံကိန်းတည်နေရာ**	- မန္တလေးမြို့ပတ်လမ်းနှင့် ရောဝတီမြစ်အကြား၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မြောက်လတ္တီတွဒ် ၂၁° ၅၅' ၀၇.၀၂" နှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၂' ၁၉.၅၁"
(ဆ)	**ECC သက်တမ်း (၅) နှစ်**	- စတင်ထုတ်ပေးရက် - ၄ - ၂ - ၂၀၂၅ သက်တမ်းကုန်ဆုံးရက် - ၃ - ၂ - ၂၀၃၀
(ဇ)	**အတည်ပြုအစီရင်ခံစာ**	- Mandalay Business Capital City Development Ltd. ၏ ၂-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ AUDP/PDD/2024(ဝ၆၀) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာ"**

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စည်းကမ်းချက်များ

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ၊ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(စျ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

Mandalay Business Capital City Development Ltd. မှ အကောင်အထည်ဖော်
ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Mandalay Business Capital City Development Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ Mandalay Business Capital City Development Ltd. ၏ ၂-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ AUDP / PDD / 2024 (၀၆၀) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။ Mandalay Business Capital City Development Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားထိခိုက်မှုအပေါ် လေ့လာဆန်းစစ်ရေးအစီရင်ခံစာအမျိုးအစား သတ်မှတ်ပေးပါရန် ၂၄-၈-၂၀၁၆ ရက်စွဲပါစာဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ၃၀-၈-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၂/၅/၄(၄၅၀/၂၀၁၆) ဖြင့် ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ "အမရပူရမြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) နှင့် လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Managemant Plan-EMP) ရေးဆွဲတင်ပြရန်" သဘောထားမှတ်ချက်ပြန်ကြားခဲ့ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသန်းထိုက်စံဖြစ်ပြီး Mandalay Business Capital City Development Ltd. ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် တည်ရှိပြီး (၂,၅၀၀) ကေကျယ်ဝန်း၍ ဧရိယာအတွင်း စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ၊ လူနေအဆောက်အဦများ၊ စီးပွားရေးဆိုင်ရာ အဆောက်အဦများ၊ ဈေးများ၊ ရုံးအဆောက်အဦများ၊ အလုပ်ရုံများ၊ အပန်းဖြေနေရာများ၊ စင်တာများ၊ ဟိုတယ်များ၊ ကုန်သွယ်မှုနေရာနှင့် လူနေထိုင်ရာနေရာများ ရောထားသည့် အခန်းတွဲများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ မီးသတ်ဌာနများ၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့ကလေးများ ဂေဟာများ၊ စာကြည့်တိုက်၊ အားကစားကွင်းနှင့် အားကစားရုံများ၊ ပိုးထည်ရက်လုပ်သောစက်ရုံနှင့် အရောင်းပြခန်းများ၊ မူလတန်းကျောင်း၊ အထက်တန်းကျောင်းများ၊ အသက်မွေးဝမ်းကြောင်း သင်တန်းကျောင်း၊ တစ်ခန်းလျှင် (၆၀၀) စတုရန်းပေရှိသော အိမ်ခန်း (၁,၂၀၀) ခန်းပါဝင်သည့် ဝန်ထမ်းအိမ်ရာနှင့် အင်္ဂါးအိမ်ရာများပါဝင်ကြောင်း။ ထို့အပြင်

မြေထိန်းရေကာနံရံများ၊ လမ်းမကြီးများ၊ ရေနုတ်မြောင်းကြီးများနှင့် ရေဆိုးစွန့်ပစ်စနစ်များ၊ ရေပေးဝေရေးနှင့် မီးသတ်စနစ်များ၊ လျှပ်စစ်ပေးဝေရေးစနစ်များနှင့် အမှိုက်စွန့်ပစ်စနစ်များနှင့် အခြားသော အခြေခံအဆောက်အအုံများကို အဆိုပြုစီမံကိန်းတွင် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအဆင့် (၂) ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆင့် (၁) သည် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိဖြစ်ပြီး ဒီဇိုင်းများရေးဆွဲခြင်း (မြို့ပြအဆောက်အဦဒီဇိုင်းများ၊ အခြေခံအဆောက်အအုံဒီဇိုင်းများ၊ ဘူမိနည်းပညာဆိုင်ရာ ဒီဇိုင်းများ၊ မြေထိန်းရေကာနံရံဒီဇိုင်းများ)၊ မြေနေရာများဝယ်ယူခြင်း၊ မြေနေရာများရှင်းလင်းခြင်း၊ မြေထိန်းရေကာနံရံများတည်ဆောက်ခြင်း၊ မြေသားခိုင်ခံ့အောင်ပြုလုပ်ခြင်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ (လမ်းမကြီးများ၊ ရေနုတ်မြောင်းကြီးများ၊ ရေဆိုးစွန့်ပစ်စနစ်များ၊ ရေပေးဝေရေးစနစ်များ၊ အမှိုက်စွန့်ပစ်စနစ်များ၊ ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်ပေးဝေရေးစနစ်များ) ပါဝင်ကြောင်း၊ အဆင့် (၂) သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိဖြစ်ပြီး ဆက်လက်၍ မြေနေရာများဝယ်ယူခြင်း၊ မြေသားခိုင်ခံ့အောင်ပြုလုပ်ခြင်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများပါဝင်ကြောင်း ဖော်ပြထားပါသည်။

၄။ **စီမံကိန်းတည်ဆောက်ရေးနည်းပညာများ။** စီမံကိန်းနှင့်ပတ်သက်၍ River Engineering Assessments နှင့် Geotechnical Engineering Assessments အား နယ်သာလန်နိုင်ငံမှ Deltares အဖွဲ့ဖြင့် ၂၀၁၇ တွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Seismic Hazard Analysis အား Local Specialist ဒေါက်တာ မျိုးသန့် ဦးဆောင်၍ ၂၀၁၇တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Waterfront Revetment Structure Design အား နယ်သာလန်နိုင်ငံမှ Deltares အဖွဲ့ဖြင့် ၂၀၁၈ တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Ground Improvement Design အား New Zealand နိုင်ငံမှ Tokin & Taylor ၊ Japan နိုင်ငံမှ CTI International Co.,Ltd တို့မှ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Urban Planning အား Singapore နိုင်ငံမှ Morrow Architects & Planners Pte.Ltd မှ ၂၀၁၈ တွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Infrastructure Design အား Thailand မှ TEAM Consulting, Engineering and Management Co.,Ltd မှ ၂၀၁၈ တွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Building Designs အား Filipinos Architect MR. JOEL A. PARCON နှင့် D&B Design & Construction Team (Local) MBCCD Design Team တို့ဖြင့် ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ စီမံကိန်းသည် ရောဝတီမြစ်အတွင်းရှိ ရေလွှမ်းလွင်ပြင်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သဖြင့် စီမံကိန်းဧရိယာအတွင်း ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်ရန် မြေထိန်းရေကာနံရံများတည်ဆောက်ခြင်းနှင့် လိုအပ်သောမြေမျက်နှာပြင်အမြင့် ရရှိရန် မြေဖို့ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေထိန်းရေကာနံရံများ တည်ဆောက်ရာတွင် Revetment Riprap Structure နည်းလမ်းကိုလည်းကောင်း၊ မြေသား၏ ခံနိုင်ရည်အား မြင့်တင်ရန်နှင့် မြေကျွံခြင်းအား ကာကွယ်ရန် အတွက် မြေသားခိုင်ခံ့မှုဆိုင်ရာလုပ်ငန်းများကို Vibroflotation Compaction Method ကိုလည်းကောင်း အသုံးပြု၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာ၏ သတ်မှတ် မြေမျက်နှာပြင်အမြင့်မှာ +73.00 MSL ဖြစ်သဖြင့် မြေဖို့ခြင်းအား မူလရှိသော မြေမျက်နှာပြင်မှ အထက်

၅မီတာမှ ၆မီတာ အမြင့်အထိ ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေဖို့ခြင်းကြောင့် စီမံကိန်း၏ မြောက်ဘက်အဝိုင်းသည် မူလရှိနေသောမြစ်ကမ်းပါး၊ လူနေထိုင်ရာနေရာများနှင့် အမြင့်တူသွားမည်ဖြစ်ပြီး မြို့ပတ်လမ်းမှာ မူလလမ်းအမြင့်ထက် ၀.၅ မီတာမှ ၁ မီတာအမြင့်ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းကျရောက်နေသည့် ရှမ်းကလေးကျွန်းရွာမှာ စီမံကိန်းပြီးစီးချိန်တွင် စီမံကိန်းဧရိယာနှင့်မြေမျက်နှာပြင်အမြင့်ကွာခြားချက်မှာ ၅မီတာမှ ၆ မီတာ ခန့်ရှိမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ရှမ်းကလေးကျွန်းရွာအား မြေမြှင့်တင်မှုဆောင်ရွက်ခြင်းမပြုလုပ်ဘဲ ကျေးရွာအား ဖြတ်သန်းစီးဆင်းမည့် စွန့်ပစ်ရေများနှင့် မိုးရေများအား Water Collection Area နှင့် Main U Ditch တည်ဆောက်၍ စီမံကိန်း၏ Main Channel ထဲသို့ စွန့်ထုတ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေသားခိုင်ခံ့မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် Vibroflotation Compaction Method သို့မဟုတ် Double Axis Vibroflotation Compaction Method အား အသုံးပြုမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

၅။ **မြေထိန်းရေကာနံရံများ (Dyke Wall) တည်ဆောက်ခြင်း။** မြို့ပြအဆောက်အအုံများ၊ မြစ်ကမ်းစပ်နှင့် တာတမံအား တည်ဆောက်မည့် စီမံကိန်းဧရိယာ၏ မြေသားကြံ့ခိုင်မှုအခြေအနေ (Soil Tests) ကို ဒေသခံဘူမိဗေဒပညာရှင်များနှင့်နယ်သာလန်နိုင်ငံမှ Deltares အဖွဲ့၏ ပညာရှင်များမှ တိုင်းတာခဲ့ကြောင်း၊ တိုင်းတာချက်ရလဒ်အရ မြေသားကြံ့ခိုင်မှုမှာ စီမံကိန်းတည်ဆောက်ရန် လုံလောက်သော ကြံ့ခိုင်မှုရှိကြောင်း၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ၁၁.၈ ကီလိုမီတာ ရှည်လျားသော မြေထိန်းရေကာနံရံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြေထိန်းရေကာနံရံတည်ဆောက်ရန် လိုအပ်သော ကျောက်တုံး ၄၀၀,၀၀၀ တန်အား အမရပူရဖွံ့ဖြိုးရေးစီမံကိန်းမှ ၃၀ ကီလိုမီတာအကွာရှိ အုန်းချောက်ကျောက်မိုင်းမှ ရယူသွားမည်ဖြစ်ကြောင်း၊ တာတမံတည်ဆောက်ရာတွင် ပထမအလွှာရှိ သဲများကို သိပ်သည်းအောင် ဖိချပေးမည်ဖြစ်ပြီး၊ ဒုတိယအလွှာအား geotextile (MR 501) ခင်းကာ အပေါ်မှ ကျောက်တုံးကြီးများ (၀.၇ မီတာ မှ ၁.၀ မီတာအထူ) ဖြင့် အကာအရံလုပ်ဆောင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၆။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းသည် လက်ရှိအခြေအနေတွင် ဆောက်လုပ်ရေးအဆင့်ဖြစ်ပြီး Retaining Structure ဆောက်လုပ်ခြင်း၊ မြေယာရရှိရေးနှင့် မြေညီအောင် လုပ်ဆောင်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ဆဲဖြစ်ကြောင်း၊ Retaining Structures များတွင် အသုံးပြုမည့် ကုန်ကြမ်းကျောက်များကို ထုံးဘိုမြို့နယ်မှ သယ်ယူကြောင်း၊ အဓိကလမ်းမကြီးများနှင့် ရေနုတ်မြောင်းများကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများတည်ဆောက်ရန် လိုအပ်သော ကွန်ကရစ် (၃၅၀,၀၀၀) ကုဗမီတာ၏ ၃၀% ကို Internal Batching Plant မှ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန် ၇၀% အတွက် အခြားနေရာများမှ ရယူမည်ဖြစ်ကြောင်း၊ စီမံကိန်းတစ်ခုလုံးအတွက် သဲလိုအပ်ချက်မှာ (၃၀) သန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ Revetment Structure

အတွက် ကျောက်လိုအပ်ချက်မှာ (၄၀၀,၀၀၀) ခန့်ရှိပြီး စီမံကိန်းနေရာမှ (၃၀) ကီလိုမီတာအကွာ အဝေးရှိ အုန်းချော Quarry Site မှ အဓိကရယူမည်ဖြစ်ကြောင်း၊ အဓိကရေအရင်းအမြစ်အတွက် ဧရာဝတီမြစ်နှင့် မြေအောက်ရေများကို အသုံးပြုမည်ဖြစ်ကြောင်း၊ မြစ်ရေကို မီးသတ်စနစ်၊ ဆည်မြောင်းစနစ်နှင့် အပင်များရေလောင်းရန် တိုက်ရိုက်အသုံးပြုမည်ဖြစ်ကြောင်း၊ မြေအောက်ရေကို သန့်စင်စနစ်တပ်ဆင်စေ၍ Domestic သုံးရေအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ပေးဝေရေးစနစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များနှင့် Mandalay Business Capital City Development (MBCCD) ၏ မြေအသုံးချမှုမြေပုံပေါ်မူတည်၍ ရေးဆွဲထားကြောင်း၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဓါတ်အားခွဲရုံ (၄) ခု (66/11 kV or 33/11 KV substations) ထားရှိရန် လျာထားကြောင်း၊ အရေးပေါ်မီးစက် (10 kVA) တစ်လုံးထားရှိမည်ဖြစ်ကြောင်း၊ စီမံကိန်းတည်ဆောက်ရေးကာလတွင် လိုအပ်သော ခန့်မှန်းဝန်ထမ်းဦးရေမှာ (၃,၅၉၈) ဦး ဖြစ်ကြောင်း၊ စီမံကိန်းလည်ပတ်ရေးကာလတွင် ဝန်ထမ်းဦးရေ (၄၃) ဦးဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တစ်နှစ်လျှင် ရေ (၇၄၇,၀၀၀) ဂါလန်ခန့်နှင့် စက်သုံးဆီ (၆၈,၉၈၂) ဂါလန်ခန့်အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၇။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ပတ်လမ်းနှင့် ဧရာဝတီမြစ်အကြား၊ ကိုသြဒိနိတ်အမှတ် မြောက်လတ္တီတွဒ် ၂၁ °၅၅' ၀၇.၀၂" နှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၂' ၁၉.၅၁" တွင် တည်ရှိပါသည်။



ပုံ ၁ - စီမံကိန်းတည်နေရာပြမြေပုံ

Layout Plan๑:



ပုံ ၂ - Project Concept Master Plan



ပုံ ၃ - Tentative Plan of the Project Site

လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့် (Flowchat)



ပုံ ၄ - Pre-construction Process Activities



ပုံ ၅ - Construction Process activities

နောက်ဆက်တွဲ (ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၈။ Mandalay Business Capital City Development Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ Mandalay Business Capital City Development Ltd. ၏ ၂-၁၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ AUDP / PDD / 2024 (၀၆၀) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့်အချက်များနှင့် အောက်ပါအလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ဒီဇိုင်းများရေးဆွဲခြင်း (မြို့ပြအဆောက်အဦဒီဇိုင်းများ၊ အခြေခံအဆောက်အအုံဒီဇိုင်းများ၊ ဘူမိနည်းပညာဆိုင်ရာ ဒီဇိုင်းများ၊ မြေထိန်းရေကာနံရံဒီဇိုင်းများ)၊ မြေနေရာများဝယ်ယူခြင်း၊ မြေနေရာများရှင်းလင်းခြင်း၊ မြေထိန်းရေကာနံရံများတည်ဆောက်ခြင်း၊ မြေသားခိုင်ခံ့အောင်ပြုလုပ်ခြင်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ (လမ်းမကြီးများ၊ ရေနုတ်မြောင်းကြီးများ၊ ရေဆိုးစွန့်ပစ်စနစ်များ၊ ရေပေးဝေရေးစနစ်များ၊ အမှိုက်စွန့်ပစ်စနစ်များ၊ ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်ပေးဝေရေးစနစ်များ) ပါဝင်ကြောင်း ဆန်းစစ်ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေဖျန်းပေးခြင်းဖြင့် ဖုန်မှုန့်ထွက်ရှိမှုကို ၇၀ % အထိ လျှော့ချနိုင်သောကြောင့် ဖောက်လုပ်ထားသော လမ်းများနှင့် ဆောက်လုပ်ဆဲ နေရာများကို တစ်နေ့လျှင် အနည်းဆုံး (၂) ကြိမ်ရေဖျန်းပေးရန်နှင့် အထူးသဖြင့် ခြောက်သွေ့ရာသီတွင် အကြိမ်ရေများများ ရေဖျန်းပေးရန်၊

(၂) ဖုန်မှုန့်ထွက်ရှိမှုကို ၅၀% လျှော့ချနိုင်ရန် ထရပ်ကားများအတွက် ကန့်သတ်အမြန်နှုန်းအား တစ်နာရီ ၃၀ ကီလိုမီတာမှ တစ်နာရီ ၁၅ ကီလိုမီတာသို့ လျှော့ချ၍ မောင်းနှင်စေရန်၊

(၃) ယာဉ်များနှင့် အခြားလောင်စာဆီသုံး စက်ယန္တရားများ စနစ်တကျလည်ပတ်စေရေး ပြုပြင်ထိန်းသိမ်းရန်။

(ဃ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာတွင် လုပ်ငန်းများလည်ပတ်သည့်အခါ လုပ်ငန်းသုံးစက်ကိရိယာများနှင့် ယာဉ်များကို ပုံမှန်ထိန်းသိမ်းရန်၊

(၂) လမ်းမဖောက်ထားသော နေရာများတွင် ယာဉ်များ၏ အမြန်နှုန်းကို တစ်နာရီ ၃၀ ကီလိုမီတာသို့ လျှော့ချသတ်မှတ်ရန်၊

(၃) ရုံးခန်းများအတွင်း တပ်ဆင်ထားသော လေဝင်လေထွက်စနစ် (အထူးသဖြင့် လေအေးပေးစနစ်၊ ပန်ကာများနှင့် ပြတင်းပေါက်များ) ကို ပုံမှန်ထိန်းသိမ်းရန်၊

(၄) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တွင် ဖော်ပြထားသော လေအရည်အသွေးနှင့်စပ်လျဉ်း၍ $PM_{2.5}$ and PM_{10}, TSP, SO_2, NO_2, CO_2, VOC, O_3 စသည့် Parameters များကို ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၅) စီမံကိန်းဧရိယာရှိ အလုပ်သမားများအား တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို ဝတ်ဆင်စေရန်နှင့် ကုန်တင်/ ကုန်ချနေရာများရှိ အလုပ်သမားများအား နှာခေါင်းစည်းများကို ဝတ်ဆင်စေရန်။

(c) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ခြင်းကာလအတွင်း ရေနုတ်မြောင်းများနှင့် အနီးပတ်ဝန်းကျင်ရှိ ရေစီးကြောင်းများသို့ စိမ့်ဝင်မှုမရှိစေရေး ရေသိုလှောင်ရာတွင် အနည်စစ်ကန် အသုံးပြုခြင်းကဲ့သို့ သင့်လျော်သော ရေအသုံးချမှုစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ရေအသုံးပြုမှုပမာဏကို လျှော့ချနိုင်ရန် ရေမီတာကို အသုံးပြုရန်၊

(၃) အမှိုက်စွန့်ပစ်ရာနေရာမှ ရေစိမ့်ဝင်မှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်၊

(၄) ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ လောင်စာဆီ၊ စက်သုံးဆီနှင့် ချောဆီတို့ ယိုစိမ့်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(၅) အိမ်သာများမှ ထွက်ရှိသော ရေဆိုးများကို စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေနုတ်မြောင်းနှင့် ရေဆိုးမြောင်းအတွက် ပိုက်လိုင်းစနစ်ကို သီးသန့်ခွဲထားရန်နှင့် မြေမျက်နှာပြင်ပေါ် စိမ့်ထွက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဧရိယာတွင် ရေအသုံးပြုမှုပမာဏကို အနည်းဆုံးဖြစ်အောင် လျှော့ချရန်၊

(၃) စီမံကိန်းဧရိယာရှိ ရေမြောင်းများအားလုံးကို ပုံမှန်သန့်ရှင်းရန်နှင့် စစ်ဆေးရန်၊

(၄) ရေနုတ်မြောင်းစနစ်အားလုံးကို အဖုံးအကာဖုံးထားရန်နှင့် မြေဆီလွှာညစ်ညမ်းမှုမရှိစေရေး စွန့်ပစ်အရည်များကို ရေဆိုးထုတ်ကန်သို့ စွန့်ပစ်ရန်။

(ဆ) **စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ခြင်းကာလတွင် စွန့်ပစ်ရေများ အလွန်အကျွံထွက်ရှိခြင်းကို လျှော့ချရန်၊

(၂) စွန့်ပစ်ပစ္စည်းများပေါ်ဖြတ်၍ စိမ့်ထွက်နိုင်သော ရေဆိုးများကို စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၃) မိလ္လာကန်များမှ စွန့်ပစ်ရေများ မယိုစိမ့်စေရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၄) အိမ်သာများဖြိုဖျက်ခြင်းမှ ထွက်ရှိနိုင်သော မိလ္လာရေများနှင့် ယာယီ အိမ်သာများမှ ထွက်ရှိနိုင်သော မိလ္လာရေများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ချိတ်ဆက်စွန့်ပစ်ရန်။

(ဇ) **စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် ထွက်ရှိနိုင်သော ဆီနှင့်အဆီများပါဝင်သည့် စွန့်ပစ်ရေများကို စနစ်တကျ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၂) စွန့်ပစ်ရေဆိုးများ ယိုစိမ့်မှုမရှိစေရန် မိလ္လာကန်ကို ပုံမှန်စစ်ဆေးပေးရန်၊

(၃) စွန့်ပစ်ရေများကို ရေမြောင်းထဲသို့ မစွန့်ပစ်မီ ရေဆိုးသန့်စင်စနစ်ကို ဖြတ်သန်းပြီးမှ စွန့်ပစ်ရန်၊

(၄) စွန့်ပစ်ရေများကို NEQEGs နှင့် ကိုက်ညီအောင် သန့်စင်ပြီးမှသာ စွန့်ထုတ်ရန်။

(ဈ) **မြေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းများမှ ရေဆိုးစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်စစ်ဆေးရန်၊

(၂) မြေဆီလွှာညစ်ညမ်းမှုအား ကာကွယ်ရန် လုပ်ငန်းခွင်သုံး ယာယီ အိမ်သာများနှင့် ဆောက်လုပ်ရေးစခန်းများမှ ရေဆိုးများကို သိုလှောင်ပြီး သန့်စင်နိုင်ရန် လုံလောက်သော မိလ္လာကန်များဆောက်လုပ်ရန်၊

(၃) စက်သုံးဆီပုံးများကို သဲနှင့် ဖွဲအလွှာခင်းထားသည့်နေရာတို့တွင် ထားရှိရန်နှင့် သီးသန့်နေရာသတ်မှတ်ထားရန်၊

(၄) ယာဉ်နှင့် စက်ယန္တရားများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် အခါ စက်သုံးဆီနှင့် သုတ်ဆေးများ ယိုဖိတ်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊

(၅) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအပြီးတွင် စွန့်ပစ်ပစ္စည်းများနှင့် လက်ကျန်သုတ်ဆေးများကို စနစ်တကျ စွန့်ပစ်ရန်။

(ည) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနီးနားပတ်ဝန်းကျင်ကို အနှောင့်အယှက် မဖြစ်စေရေး ထရပ်ကားများသွားလာခြင်းနှင့် ကျယ်လောင်သော ဆူညံသံများထွက်ရှိသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို ညအချိန်၌ အသုံးပြုခြင်းကို ကန့်သတ်ထားရန်၊

(၂) စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးရန်၊

(၃) ဆူညံသံထွက်ရှိမှုနည်းသော စက်ပစ္စည်းကိရိယာများဖြင့် အစားထိုးသုံးစွဲရန်၊

(၄) စက်ယန္တရားများကို ပုံမှန်စစ်ဆေးပြုပြင်ထိန်းသိမ်း၍ (လိုအပ်ပါက) အရည်အသွေးကောင်းမွန်သော ပစ္စည်းများဖြင့် ပြောင်းလဲအသုံးပြုရန်။

(ဋ) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုမြင့်သောနေရာများတွင် အလုပ်လုပ်သော အလုပ်သမားများအား နားအကာအကွယ်ပစ္စည်းများ (နားစို့များ သို့မဟုတ် နားကြပ်များကို လုံလောက်စွာ ထားရှိပေးရန်၊

(၂) အလုပ်သမားများကို အသံဆူညံမှု 85 dB(A) ထက်မြင့်သောနေရာများတွင် နားအကာအကွယ်မပါပဲ တစ်နေ့လျှင် (၈) နာရီထက် ကျော်လွန်၍ ထိတွေ့မှု

မရှိစေရန်နှင့် နားအကာအကွယ်မပါလျှင် 140 dB(C) ထက်မြင့်သော အသံကို (ဆက်တိုက်) နားထောင်ခြင်းမပြုစေရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုများသော နေရာများတွင် အလုပ်သမားများကို အလှည့်ကျ တာဝန်ပေးရန်။

(၆) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလများမှ စွန့်ပစ်အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်နှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းဟူ၍ အမျိုးအစားခွဲခြားစွန့်ပစ်ရန်၊

(၂) ဆောက်လုပ်ရေးအပျက်အစီးများ၊ ထုပ်ပိုးပစ္စည်းများ၊ အပိုင်းအစများနှင့် သတ္တုအပိုင်းအစများကို မြေကြီးပေါ်မထားရှိဘဲ စနစ်တကျ စွန့်ပစ်ရန်၊

(၃) စီမံကိန်းဧရိယာတွင် ယာယီအမှိုက်ကန်များ၊ ယာယီအမှိုက်ပုံးများထားရှိရန်၊

(၄) အန္တရာယ်ရှိ ဓာတုစွန့်ပစ်ပစ္စည်းများ သိုလှောင်ရာနေရာများတွင် သတိပေးဆိုင်းဘုတ်များ ထားရှိရန်၊

(၅) စွန့်ပစ်ရေဆိုးနှင့် သန့်ရှင်းရေးသုံး စွန့်ပစ်ပစ္စည်းများကို သန့်စင်မှုမရှိဘဲ မြေပြင်သို့ မစွန့်ပစ်ရန်။

(၇) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များကိုစု၍ သတ်မှတ်နေရာများတွင် မစွန့်ပစ်မီ သီးသန့်နေရာတစ်ခုထား၍ သိမ်းဆည်းရန်၊

(၂) စွန့်ပစ်ရည်များ ယိုစိမ့်မှုမရှိစေရေး သင့်လျော်သောနေရာ သို့မဟုတ် အန္တရာယ်မရှိသော စွန့်ပစ်နေရာတစ်ခုတည်ဆောက်ရန်၊

(၃) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများတို့ကို ခွဲခြား၍ သတ်မှတ်ထားသော ပုံးများတွင်သာ စွန့်ပစ်ရန်၊

(၄) ဓာတုစွန့်ပစ်ပစ္စည်းများကို သီးခြားပုံးများ (ဓာတုပစ္စည်းစွန့်ပစ်အမှိုက်အိတ်များ၊ ကွန်တိန်နာများစသည်) တွင် စနစ်တကျ စွန့်ပစ်ရန်၊

(၅) အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို အလုပ်သမားများအား အသိပညာပေးရန်။

(၈) **စီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပြင်ရှင်းလင်းခြင်း ဆောင်ရွက်သည့်အခါ ထိခိုက်လွယ်သော စားကျက်မြေနေရာများအား ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(၂) မြေပြင်ရှင်းလင်းခြင်းဆောင်ရွက်သည့်အခါ ရှားပါးမျိုးစိတ်အပင်များ၊ ငှက်သိုက်များ၊ တိရစ္ဆာန်များ၏ သားပေါက်ရာနေရာများတွေ့ရှိပါက ၎င်းတို့အား ခုတ်ထွင်ရှင်းလင်းခြင်းအား ရှောင်ကြဉ်ရန်၊

(၃) လုပ်ကွက်ဧရိယာအတွင်း ငှက်ပစ်ခြင်း၊ တိရစ္ဆာန်ဖမ်းဆီးခြင်းတို့အား တားမြစ်ရန်၊

(၄) မြေပြင်ရှင်းလင်းထားသောနေရာများနှင့် အဆောက်အဦများတွင် စိုက်ပျိုးရန်အပင်များအား ပျိုးခင်းများဖြင့် အရည်အသွေးမီအောင် ပြုစုပျိုးထောင်စိုက်ပျိုးရန်။

(၈) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပန်းခြံများ၊ ကော်ရစ်ဒါများနှင့် မြို့ပြအဆောက်အဦများတွင် အပင်များ စိုက်ပျိုးခြင်း (Green Space) များ လုပ်ဆောင်ထားခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် လေထုအရည်အသွေးအား ထိန်းသိမ်းရန်၊

(၂) စီမံကိန်း၏ ဧရိယာအတွင်း ဥယျာဉ် သို့မဟုတ် လစ်လပ်သည့်နေရာများတွင် ဒေသခံ မျိုးရင်းအပင်မျိုးစိတ်များအား သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် တိုင်ပင်ဆွေးနွေး၍ စိုက်ပျိုးရန်၊

(၃) ဥယျာဉ်နှင့် အိမ်ရာများအတွင်း မျက်စိပသာဒဖြစ်စေရေး နိုင်ငံခြားအပင်မျိုးများစိုက်ပျိုးထားပါလျှင်လည်း ယင်းမျိုးစိတ်များသည် စီမံကိန်းဧရိယာပြင်ပသို့ ပျံ့နှံ့ပေါက်ရောက်ခြင်းမရှိစေရေး စီမံဆောင်ရွက်ရန်၊

(၄) စီမံကိန်းဧရိယာအတွင်း ဆောင်းခိုငှက်များ၊ တိရစ္ဆာန်များဝင်ရောက်ခြင်း၊ ခိုနားခြင်းများတွေ့ရှိပါက ဖမ်းဆီးခြင်းမပြုရန်နှင့် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန်၊

(၅) စီမံကိန်းဧရိယာအတွင်း ငှက်ပစ်ခြင်း၊ တိရစ္ဆာန်ဖမ်းဆီးခြင်းတို့အား တားမြစ်ရန်။

(တ) **ရေနေသတ္တဝါများ၊ အပင်များနှင့် ဂေဟစနစ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စိုက်ပျိုးမြေများ ပိုမိုကောင်းမွန်လာစေရေးနှင့် ဂေဟစနစ် ပြန်လည်ထူထောင်ရေးအတွက် ကြီးမားသော ရှခင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလတွင် သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်မျိုးစိတ်များကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) အဆောက်အဦပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးနှင့် တိရစ္ဆာန်မျိုးစိတ်များ မတော်တဆထိခိုက်မှုအန္တရာယ်မှ လျှော့ချနိုင်ရေးအတွက် သတ်မှတ်ထားသော နေရာများပေါ်တွင် ယာဉ်သွားလာမှုကို ကန့်သတ်ထားရန်၊

(၄) ထိုဒေသ၌တွေ့ရှိရသော သတ္တဝါမျိုးစိတ်များသည် သစ်ပင်ကြီးများတွင် အသိုက်အအုံများ တည်ဆောက်ထားနိုင်သောကြောင့် ထိုသစ်ပင်ကြီးများကို ထိန်းသိမ်းရန်။

(ထ) **ရေနေသတ္တဝါများ၊ အပင်များနှင့် ဂေဟစနစ်စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်မျိုးစိတ်များကို ပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊

(၂) စီမံကိန်းဧရိယာအတွင်း မျိုးတုံးပျောက်ကွယ်လုနီးပါးနှင့် ရှားပါးအပင်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) ရေဆိုးသန့်စင်သည့်စနစ်ဖြင့် သန့်စင်ပြီးမှသာ စွန့်ပစ်ရန်နှင့် ပုံမှန်စစ်ဆေးရန်။

(ဒ) **ဧလဗေဒ၊ မြစ်တိုက်စားမှု၊ မြစ်ကမ်းပါးပြိုမှုများစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပြင်အဆင့် ဘူမိနည်းပညာဆိုင်ရာ စစ်တမ်းများကို စစ်ဆေးပြီးမှ ဆောင်ရွက်ရန်၊

(၂) တာတမံနံရံ၏ တည်ငြိမ်မှုအခြေအနေကို ပုံမှန်စစ်ဆေးရန်၊

(၃) မြစ်ကမ်းပါးရေတိုက်စားမှုအခြေအနေကို ပုံမှန်စစ်ဆေးရန်၊

(၄) မြေထိန်းရေကာနံရံများတည်ဆောက်ရာတွင် Revetment Riprap Structure နည်းလမ်းကိုလည်းကောင်း၊ မြေသား၏ ခံနိုင်ရည်အား မြင့်တင်ရန်နှင့် မြေကျွံခြင်းအား ကာကွယ်ရန်အတွက် မြေသားခိုင်ခံ့မှုဆိုင်ရာလုပ်ငန်းများကို Vibroflotation Compaction Method ကိုလည်းကောင်းအသုံးပြု၍ တည်ဆောက်သွားရန်၊

(၅) မြေသားခိုင်ခံ့မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် Vibroflotation Compaction Method သို့မဟုတ် Double Axis Vibroflotation Compaction Method အား အသုံးပြုရန်။

(၈) **ဧလေဗေ၊ မြစ်တိုက်စားမှု၊ မြစ်ကမ်းပါးပြိုမှုများစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် မြစ်ရေပြင်အမြင့်ကို အမြဲမပြတ် စောင့်ကြည့်လေ့လာရန် လိုက်နာဆောင်ရွက်ရမည်။

(၉) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများကို လုံလောက်စွာထောက်ပံ့ပေးရန်၊

(၂) မီးလောင်နိုင်သော အမှိုက်သိုလှောင်သည့် နေရာများနှင့် လောင်စာဆီသိုလှောင်သည့် နေရာများတွင် အလေးထားလိုက်နာရမည့်အချက်များအား အသိပညာပေးရန်၊

(၃) လောင်စာဆီသိုလှောင်သည့်နေရာများသို့ တာဝန်ရှိသူသာ ဝင်ရောက်ခွင့်ပြုရန်၊

(၄) ပေါက်ပြဲပျက်စီးနေသော ဝါယာကြိုးများ၊ လျှပ်စစ်ပစ္စည်းများရှိလျှင် ကျွမ်းကျင်ပညာရှင်ဖြင့် ချက်ချင်းပြုပြင်ရန်။

(၁၀) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများကို လုံလောက်စွာထောက်ပံ့ပေးရန်၊

(၂) မီးလောင်လွယ်သောအမှိုက်များအား ခွဲခြားစွန့်ပစ်ရန်၊

(၃) အရေးပေါ်အခြေအနေများအတွက် (၆) လတစ်ကြိမ် မီးသတ်လေ့ကျင့်မှုများ လုပ်ဆောင်ရန်၊

(၄) လောင်စာဆီသိုလှောင်သည့်နေရာ၊ မီးစက်နေရာများကဲ့သို့ မီးလောင်နိုင်သော နေရာများတွင် သတိပေးဆိုင်းဘုတ်များကပ်ထားရန်၊

(၅) စီမံကိန်းဧရိယာအတွင်း အများမြင်သာသော နေရာများတွင် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များထားရှိရန်။

(ဃ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများလုပ်ကိုင်ဆောင်ရွက်နေသည့်နေရာအား မြင်သာစေရန် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရောင်ပြန်အင်္ကျီများဝတ်ဆင်စေရန်၊

(၂) စက်ယန္တရားများအား မောင်းနှင်ခြင်းမပြုမီ ချို့ယွင်းမှုမရှိစေရေး စစ်ဆေးရန်၊

(၃) ကုန်ကြမ်းပစ္စည်းများကို သယ်ဆောင်ရာတွင် လုံခြုံစွာ ချည်နှောင်၍ ဖုံးအုပ်သယ်ဆောင်စေရန်၊

(၄) စက်ယန္တရား၊ ကိရိယာများကို မောင်းနှင်ခွင့်ရရှိပြီးသော လုပ်သားများကိုသာ မောင်းနှင်ခွင့်ပြုရန်၊

(၅) လုပ်ငန်းခွင်ဧရိယာသို့ မသက်ဆိုင်သူများအား ဝင်ရောက်ခွင့်မပြုရန်၊

(၆) အများမြင်သာသောနေရာများတွင် အရေးပေါ်ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များကပ်ထားရန်၊

(၇) အရေးပေါ်ဆေးသေတ္တာများ (First-Aid Box) ကြိုတင်စီစဉ်ထားရန်၊

(၈) ထိခိုက်ဒဏ်ရာရမှုကြီးမားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နိုင်ရေး စီစဉ်ထားရှိရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြင့်မားသောနေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် လုံခြုံရေးဦးထုပ်၊ လုံခြုံရေးဖိနပ်၊ လုံခြုံရေးခါးပတ်ကဲ့သို့သော PPE ဝတ်စုံများဝတ်ဆင်စေရန်၊

(၂) လျှပ်စစ်ဝါယာကြိုးများ၊ လျှပ်စစ်ပစ္စည်းများ တပ်ဆင်ရာတွင် ကျွမ်းကျင်လျှပ်စစ်ပညာရှင်များဖြင့်သာ ဆောင်ရွက်စေရန်၊

(၃) ပေါက်ပြဲပျက်စီးနေသော ဝါယာကြိုးများ၊ လျှပ်စစ်ပစ္စည်းများရှိလျှင် ချက်ချင်းပြုပြင်ရန်၊

(၄) မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများကို လုံလောက်စွာထောက်ပံ့ပေးရန်၊

(၅) မီးလောင်လွယ်သောအမှိုက်များအား ခွဲခြားစွန့်ပစ်ရန်၊

(၆) အရေးပေါ်ဆေးသေတ္တာများ (First-Aid Box) ကြိုတင်စီစဉ်ထားရှိရန်၊

(၇) ထိခိုက်ဒဏ်ရာရမှုကြီးမားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နိုင်ရေး စီစဉ်ထားရှိရန်၊

(၈) အရေးပေါ်တုံ့ပြန်မှုနှင့် ဘေးကင်းရေးသင်တန်းများ၊ မီးသတ်သင်တန်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချရန်။

(ဘ) **အရေးပေါ်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အတွက် လေ့ကျင့်မှုများလုပ်ဆောင်ရန်၊

(၂) အရေးပေါ်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်မှတ်တမ်းများထားရှိရန်၊

(၃) အရေးပေါ်ဘေးအန္တရာယ်များဖြစ်ပေါ်ပါက အလုပ်ရပ်နားပြီး စုဝေးရာနေရာတွင် စနစ်တကျ စုဝေးစေရန်၊

(၄) အရေးပေါ်ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အလွယ်တကူရရှိနိုင်အောင် စီစဉ်ထားရှိရန်။

(မ) **အရေးပေါ်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်အခြေအနေအတွက် စုဝေးနေရာများ သတ်မှတ်ရန်၊

(၂) အရေးပေါ်စုဝေးနေရာများသည် သစ်ပင်များ၊ တိုင်များနှင့် ပြိုကျနိုင်သည့် အဆောက်အဦးများနှင့် ဝေးကွာသောနေရာများတွင် ထားရှိရန်၊

(၃) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အတွက် လေ့ကျင့်မှုများကို တစ်နှစ်နှစ်ကြိမ် ပုံမှန်လေ့ကျင့်ရန်၊

(၄) အရေးပေါ်ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အလွယ်တကူရရှိနိုင်အောင် စီစဉ်ထားရှိရန်။

(ယ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလတွင် အစီရင်ခံစာတွင် ကတိကဝတ်ပြုထားသည့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမရပူရမြို့သစ်ဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေသည် စစ်ကိုင်းပြတ်ရွှေမှ ၄ ကီလိုမီတာမှ ၈ ကီလိုမီတာခန့်သာကွာဝေးပြီး ပြင်းထန်ငလျင်ဇုန် (Destructive Zone) အတွင်းကျရောက်နေသောကြောင့် ငလျင်အန္တရာယ်ဖြစ်ပွားမှု အလယ်အလတ်မှ မြင့်မားသောဒေသအဖြစ် သတ်မှတ်ထားပြီး မြေငလျင်ဖြစ်ပွားမှု နောက်ဆက်တွဲအနေဖြင့်မြေငလျင်ကြောင့် မြေကျွံခြင်း၊ မြေသားခံနိုင်ရည် လျော့ကျခြင်း (Liquification and Ground Subsidence) ဖြစ်ပွားနိုင်သောကြောင့် Vibroflotation Method ဖြင့် သဲမြေအား တောင့်တင်းခိုင်မာအောင်

ဆောင်ရွက်သွားမည်ဖြစ်ပြီး (Peak Ground Acceleration) PGA 0.3- Magnitude 6~6.5 ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းတွင် ပါဝင်သည့် မြို့ပြအိမ်ရာ အဆောက်အဦများအား အစီရင်ခံစာတွင် ကတိကဝတ်ပြုထားသည့်အတိုင်း Magnitude 7~7.5 လျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများ ထည့်သွင်းတည်ဆောက်သွားရန်၊

(၃) အဆောက်အဦဆောက်လုပ်မည့် အောက်ခံမြေသား၏ သိပ်သည်းမှု၊ ကြံ့ခိုင်မှု လျော့ကျခြင်းအန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် ဘူမိနည်းပညာဆိုင်ရာ စစ်ဆေးမှုများအား လုပ်ဆောင်သွားရန်၊

(၄) စီမံကိန်းဧရိယာသည် စစ်ကိုင်းပြတ်ရွှေ့ကြောအနီးတွင် တည်ရှိသောကြောင့် အဆောက်အဦများ ဆောက်လုပ်မည်ဆိုလျှင် အသေးစိတ်စီမံထားသော လျင် အသေးစိတ်ဇုန်မြေပုံများနှင့် လျင်ဒဏ်ခံနိုင်သော အောက်ခံမြေသားများပေါ်တွင် အခြေခံပြီး တည်ဆောက်သွားရန်၊

(၅) မိုးရာသီ (မေလမှ အောက်တိုဘာလအတွင်း) တွင် မြစ်ရေအမှတ်အား တစ်လ တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၆) မြစ်ကမ်းပါးပြိုကျတိုက်စားခြင်းနှင့် မြေထိန်းရေကာနံရံ၏ ကြံ့ခိုင်မှုအား အမြဲ မပြတ် စောင့်ကြပ်ကြည့်ရှုရန်၊

(၇) သောင်တူးခြင်းလုပ်ငန်းများအား မြစ်ကြောင်းတစ်လျှောက် သတ်မှတ်နေရာ များတွင် အချိန်ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်ရန်၊

(၈) မြစ်ကြောင်းတစ်လျှောက် သောင်တူးခြင်းလုပ်ငန်းများကို သတ်မှတ်ပမာဏ အတိုင်းသာ တူးယူရန်၊

(၉) မြေကျွံမှုဖြစ်ပေါ်နိုင်ချေရှိသော ရေလမ်းကြောင်း၊ မြစ်ကြောင်းများအဝေးတွင် ရှိနေလျှင်ပင် မြေမျက်နှာပြင် အပေါ်ယံလွှာများ ဘေးတိုက် ရွှေ့လျားနိုင်သည့် အဆင့်ထိ Piles များကို နက်ရှိုင်းစွာ ဒီဇိုင်းရေးဆွဲတည်ဆောက်ရန်။

(ရ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု**။ စီမံကိန်းလည်ပတ်ခြင်းကာလတွင် အစီရင်ခံစာတွင် ကတိကဝတ်ပြုထားသည့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျင်မတိုင်မီဖြစ်ပေါ်လေ့ရှိသော ရေအောက်စိမ့်ရေတက်ခြင်း၊ ကျောက်နှင့် မြေဆီလွှာများ၏ ပြောင်းလဲမှုများစသည့် ကြိုတင်လက္ခဏာများကို အခြေခံ၍ လျင်စောင့်ကြည့်စနစ် (သို့မဟုတ်) လျင်ကြိုတင်သတိပေးစနစ် တပ်ဆင်ရန်၊

(၂) ငလျင်ဖြစ်ပွားပါက ဝန်ထမ်းများကို လုံခြုံစွာရွှေ့ပြောင်းနိုင်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်အတွက် အရေးပေါ်အစီအမံ (Emergency Plan) ရေးဆွဲပြီး လိုက်နာဆောင်ရွက်ရန်၊

(၃) အရေးပေါ်ဆေးဘူးများ (First-Aid Box) ကို အရန်သိုလှောင်ထားရှိပြီး၊ လိုအပ်ပါက အနီးဆုံးဆေးခန်း (သို့) ဆေးရုံသို့ အမြန်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်၊

(၄) မြေငလျင်ကြောင့် မြေကျွံခြင်းများနှင့်စပ်လျဉ်း၍ အရေးအပေါ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအစီအစဉ်များချမှတ်ထား၍ လိုက်နာဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ချေကို သိရှိနိုင်ရန်အတွက် မိုးလေဝသသတင်းများအား စောင့်ကြည့်နားထောင်ရန်၊

(၆) နွေရာသီနှင့် မိုးရာသီများတွင် မြစ်ရေအခြေအနေများအား စောင့်ကြပ်စစ်ဆေးခြင်းနှင့် မြစ်ရေတိုင်းတာမှုမှတ်တမ်းများ ထားရှိရန်၊

(၇) လုပ်ငန်းလည်ပတ်ခြင်းကာလတွင် မြေသားကြွံခိုင်မှုစစ်ဆေးခြင်းအား (၆) လ တစ်ကြိမ် စစ်ဆေးရန်၊

(၈) မြေအောက်ရေသုံးစွဲမှုသည် ရေထုတ်ယူနိုင်သည့် သတ်မှတ်ပမာဏထက် မကျော်လွန်စေရန်။

(လ) **မြေဖို့ခြင်း၊ မြေမြှင့်တင်ခြင်း၊ မြေသားခိုင်ခံ့အောင်ပြုလုပ်ခြင်း၊ မြစ်ရေကာနံရံများ တည်ဆောက်ခြင်းတို့ကြောင့် ရေကြီးမှုမဖြစ်စေရေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေလမ်းကြောင်းတစ်လျှောက် သဲများ အနည်ထိုင်ထူထပ်လာပြီး မြစ်ရေပြင်တိမ်ပါးလာခြင်းကဲ့သို့ အခြေအနေများ ဖြစ်ပေါ်လာပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန DIRECTORATE OF WATER RESOURCES AND IMPROVEMENT OF RIVER SYSTEMS (DWIR) နှင့် ချိတ်ဆက်၍ သဲသောင်တူးခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်၊

(၂) STEELGRYONES, MYAW GROYNES များ တည်ဆောက်ခြင်းနှင့် SAND BANK STABILIZATION ကဲ့သို့ မြစ်ကြောင်းကောင်းမွန်စေရေးလုပ်ငန်းများနှင့် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အဆိုပါ ဆောင်ရွက်ချက်များသည် DWIR အဖွဲ့၏ နည်းပညာဆိုင်ရာ အကြံပေးညွှန်ကြားမှုများနှင့် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်အောက်ပိုင်းတွင် အဓိက လေ့လာခဲ့သည့် HASKONING (ROYAL

DUTCH CONSULTING ENGINEERS AND ARCHITECTS) ၏ လေ့လာတွေ့ရှိမှုများအား အခြေခံ၍ ပြုလုပ်သွားရန်၊

(၃) စီမံကိန်းရေယာဧ၏အထက်ဘက်၊ အောက်ဘက်ရှိ မြစ်ကမ်းပါးများနှင့် မြေထိန်းရေကာနံရံအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသွားရန်နှင့် ပြိုကျပျက်စီးမည့် အခြေအနေများတွေ့ရှိရပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် RIVER ENGINEERING CONSULTANTS များ၏ အသေးစိတ်လမ်းညွှန်ချက်များအတိုင်း ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်သွားရန်၊

(၄) ပြင်းထန်သော ရာသီဥတုအခြေအနေ၊ ရာသီဥတုပြောင်းလဲခြင်း၊ မျှော်မှန်းတွက်ချက်ထားသော ရေကြီးမှုများကို ခံနိုင်ရည်ရှိစေရန်အတွက် မြေထိန်းရေကာနံရံအား လုံလောက်သည့် ကြံ့ခိုင်မှုရှိအောင် တည်ဆောက်သွားရန်၊

(၅) မြေထိန်းရေကာနံရံ၏ ခိုင်ခံ့မှုအခြေအနေအား သေချာစေရန်အတွက် စစ်ဆေးရန်နှင့် ပြုပြင်ထိန်းသိမ်းမှုများအား ကာလသတ်မှတ်၍ ဆောင်ရွက်သွားရန်၊

(၆) ပြင်းထန်သည့်မိုးရွာသွန်းမှု (မြို့ပြမှမိုးရေစီးဆင်းမှု) အား ထိန်းချုပ်ရန်၊ မြို့ပတ်လမ်းအရှေ့ပိုင်းနှင့် စီမံကိန်းပတ်ဝန်းကျင်နေရာများသို့ မြို့ပြမှ မိုးရေစီးဆင်းဝင်ရောက်လာခြင်းမှ ကာကွယ်နိုင်ရန်အတွက် ပြည့်စုံလုံလောက်သောရေမြောင်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၇) မြေဆီလွှာထဲသို့ ရေစီးဝင်မှုတိုးတက်စေရန်နှင့် မြေပြိုကျမှုအား တားဆီးနိုင်ရန်အတွက် ဒေသမျိုးရင်းသစ်ပင်များ၊ ချုံနွယ်ပင်များ၊ မြက်များ စိုက်ပျိုးပေးရန်၊

(၈) မြေထိန်းရေကာနံရံသည် လုံလောက်သော အမြင့်ရှိရန်နှင့် တည်ဆောက်ရာတွင် ရေလွှမ်းမိုးမှုဖိအားကို ခံနိုင်ရည်ရှိသော ပစ္စည်းများအသုံးပြုရန်၊ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုနှင့် စစ်ဆေးမှုများကို လုပ်ဆောင်ခြင်းဖြင့် မြေထိန်းရေကာနံရံများ၏ ခိုင်ခံ့မှုကို အာမခံနိုင်အောင် ဆောင်ရွက်သွားရန်၊

(၉) တိုက်စားမှုလျော့နည်းစေရေးနှင့် မြေသားကြံ့ခိုင်မှုရရှိစေရေး သဲမြေဖို့ခြင်းအား လုံလောက်သော ကျစ်လစ်မှုရရှိစေရန်အတွက် ဆောင်ရွက်သွားရန်၊

(၁၀) မြေပြန်လည်ပြင်ဆင်ထားသော နေရာများတွင် မြေဆီလွှာဆုံးရှုံးခြင်းကို ကာကွယ်နိုင်ရန် နုန်းတားခြံစည်းရိုးများ၊ အပင်များစိုက်ပျိုးခြင်းများကဲ့သို့သော တိုက်စားမှုအား ထိန်းချုပ်နိုင်သော လျော့ချရေးနည်းလမ်းများကို အသုံးပြုရန်၊

(၁၁) ပိုလျှံသောရေကို စုပ်ယူရန်အတွက် မြစ်ကမ်းပါးတစ်လျှောက်တွင် ရေတိမ်ဒေသများ တည်ဆောက်ခြင်း သို့မဟုတ် အပင်များစိုက်ပျိုးခြင်းကဲ့သို့ သဘာဝကြားခံနေရာများ စီစဉ်ထားရှိရန်၊

(၁၂) ရေကြီးရေလျှံမှုဖြစ်စဉ်များကို ကြိုတင်ခန့်မှန်းနိုင်ရန် မြစ်ရေအမြင့်နှင့် မိုးရွာသွန်းမှုကို စောင့်ကြည့်ရန်အတွက် နည်းစနစ်တစ်ခု ထားရှိရန်၊

(၁၃) ဖြစ်ပေါ်လာနိုင်သည့် ရေကြီးမှုအန္တရာယ်များကို ဒေသခံများအား အသိပေးရန် လူထုသတိပေးစနစ်တစ်ခု စီစဉ်ထားရှိရန်၊

(၁၄) မြေထိန်းရေကာနံရံများ၊ ရေနုတ်မြောင်းစနစ်များနှင့် အခြားရေလွှမ်းမိုးမှုထိန်းချုပ်ရေး အခြေခံအဆောက်အအုံများ ကောင်းမွန်စွာ လုပ်ဆောင်နိုင်စေရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးမှုများပြုလုပ်သွားရန်၊

(၁၅) လျှော့ချရေးနည်းလမ်းများ ရေရှည်ထိရောက်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းမှုအစီအစဉ်များကို ရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၀) **စောင့်ကြပ်ကြည့်ရှုခြင်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်စပ်လျဉ်း၍ $PM_{2.5}$ and PM_{10}, TSP, NO_2, SO_2, CO_2, CO, VOC, O_3, Humidity စသည့် Parameters များအား စီမံကိန်းအတွင်း နေရာ (၃) နေရာတွင် (၂၄) နာရီကြာ တစ်နှစ် (၂) ကြိမ်တိုင်းတာစစ်ဆေးရန်၊

(၂) မြေပေါ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ BOD, COD, Iron, Oil & Grease, pH, chlorine(free), Total Suspended Solid, Hardness, Total Dissolved Solid, Total Nitrogen, Conductivity, Turbidity, Color, Temperature, Arsenic, Dissolved Oxygen, Lead, Total Phosphorus, Total Coliform Bacteria, Ammonia (as N), Chromium (Hexa), Chromium (Tri), Copper, Cyanide, Manganese, Flouride, Mercury, Nikkel, Nitrate (as N), Nitrite (as N), Phenol compounds and Zinc စသည့် Parameters များအား ဧရာဝတီမြစ်အောက်ပိုင်း၊ အပေါ်ပိုင်း၊ အလယ်ပိုင်းနှင့် စီမံကိန်းဧရိယာရှိ ရေဆိုးထွက်ပေါက်စသည့် နေရာ (၄) နေရာတွင် တိုင်းတာ၍ တစ်နှစ် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ BOD, COD, Iron, Oil & Grease, pH, chlorine (free), Total Suspended Solid, Hardness, Total Dissolved Solid, Total Nitrogen, Conductivity, Turbidity, Color, Temperature,

Arsenic, Dissolved Oxygen, Lead, Total Phosphorus, Total Coliform Bacteria စသည့် Parameters များအား စီမံကိန်းတည်ဆောက်ခြင်းကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ နောက်ဆုံး စွန့်ပစ်ရေစွန့်ပစ်သည့်နေရာတွင် လည်းကောင်း၊ စီမံကိန်းလည်ပတ်ခြင်းကာလတွင် နောက်ဆုံး စွန့်ပစ်ရေစွန့်ပစ်မည့်နေရာ (၁၁) နေရာတွင်လည်းကောင်း တိုင်းတာ၍ တစ်နှစ် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) မြေအောက်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, Iron, Oil and Grease, Total Phosphorus, Total Suspended Solid, Total Dissolved Solid, Hardness, Total Nitrogen, Conductivity, Turbidity, Color, Temperature, Arsenic, Dissolved Oxygen, Lead, Total Coliform, Fecal Coliform, Manganese, Chloride, Sulphate, Nitrate စသည့် Parameters များအား စီမံကိန်းအနီးနေရာ (၂) နေရာတွင် တိုင်းတာ၍ တစ်နှစ် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်အစိုင်အခဲနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား စီမံကိန်းနေရာအတွင်း နေ့စဉ် စစ်ဆေးရန်၊

(၆) ဆူညံသံ၊ တုန်ခါမှုနှင့်စပ်လျဉ်း၍ စီမံကိန်းအတွင်း နေရာ (၄) နေရာတွင် (၂၄) နာရီကြာ တိုင်းတာ၍ တစ်နှစ် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲနှင့်စပ်လျဉ်း၍ ငါးများစစ်တမ်းကောက်ယူခြင်းအတွက် စီမံကိန်းအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင်လည်းကောင်း၊ Flora & Fauna စစ်တမ်းကောက်ယူခြင်းအတွက် မြို့ပြဧရိယာရှိ နေရာ (၂) နေရာနှင့် စိုက်ပျိုးမြေဧရိယာရှိ နေရာ (၂) နေရာတို့တွင်လည်းကောင်း နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ တို့၌ ကောက်ယူရန်၊

(၈) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဝန်ထမ်းများလေ့ကျင့်မှုမှတ်တမ်း၊ ထိခိုက်ဒဏ်ရာရမှုနှင့် မတော်တဆ ဖြစ်ပွားမှုအကြိမ်အရေအတွက်များကို စီမံကိန်းဧရိယာတစ်ခုလုံး လစဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၉) စီမံကိန်းအကောင်အထည်ဖော်မှုကြောင့် လူမှုရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအား စီမံကိန်းဝန်းကျင်တွင် တစ်နှစ် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၁၀) မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စီမံကိန်းဧရိယာတစ်ခုလုံးရှိ မီးငြိမ်းသတ်ရေးကိရိယာများအား (၃) လတစ်ကြိမ် စစ်ဆေးရန်၊

(၁၁) အရေးပေါ်အန္တရာယ်များအတွက် ဝန်ထမ်းများအား သင်တန်းများပို့ချခြင်းနှင့် အရေးပေါ်အခြေအနေတွင် အလေးထားဆောင်ရွက်ရမည့် အချက်များကို စီမံကိန်းတည်ဆောက်ခြင်းကာလတွင် စီမံကိန်းဧရိယာတစ်ခုလုံး၌ တစ်နှစ် (၂) ကြိမ်နှင့် စီမံကိန်းလည်ပတ်ခြင်းကာလတွင် (၃) လတစ်ကြိမ် စစ်ဆေးရန်၊

(၁၂) သဘာဝဘေးအန္တရာယ် (မြစ်ကမ်းဘေး၊ ရေကြီးမှု၊ မြေပြိုကျမှု၊ တာတမံနံရံ တိုက်စားမှုနှင့်စပ်လျဉ်း၍ မြေပြင်အဆင့် ဘူမိနည်းပညာဆိုင်ရာ စစ်တမ်း၊ တာတမံနံရံ၏ တည်ငြိမ်မှုနှင့် မြစ်ကမ်းပါးရေတိုက်စားမှုများအား စီမံကိန်း တည်ဆောက်ခြင်းကာလတွင် တစ်နှစ် (၁) ကြိမ်နှင့် စီမံကိန်းလည်ပတ်ခြင်း ကာလတွင် မြစ်ရေအမြင့်စောင့်ကြည့်လေ့လာခြင်းအား မိုးရာသီတွင် စစ်ဆေး ရန်၊

(၁၃) မြစ်ကြမ်းပြင်အခြေအနေ ပြောင်းလဲခြင်းနှင့် စီမံကိန်း၏ အထက်ဘက်နှင့် အောက်ဘက်မြစ်ကမ်းပါး ပြောင်းလဲခြင်းတို့အား စောင့်ကြည့်လေ့လာရန် အတွက် Hydrographic Surveys အား လစဉ်ကောက်ယူခြင်း၊ စီမံကိန်းနှင့် စီမံကိန်း ဧရိယာအနီးပတ်ဝန်းကျင်ရှိ နေရာများတွင် ရေကြီးရေလျှံမှုကို ကြိုတင်သိရှိ ကာကွယ်နိုင်ရန်အတွက် မြစ်ရေအမှတ် မြင့်တက်နေသည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် ပုံမှန်လေ့လာစောင့်ကြပ်ခြင်းကို ဆောင်ရွက်ရန်။

(သ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ်။** အများပြည်သူနှင့်တိုင်ပင် ဆွေးနွေးခြင်းအစီအစဉ်နှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး အကြံပြုချက်များအား ညှိနှိုင်းဆောင်ရွက်ရန်တို့ လိုက်နာ ဆောင်ရွက်ရမည်။

(ဟ) **လျှာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျှာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရန်-

(၁) ထိခိုက်မှုလျှော့နည်းစေရေးစီမံခန့်ခွဲမှုအစီအစဉ်များအတွက် လျှာထားအသုံး စရိတ် (၆၆,၀၀၀,၀၀၀) ကျပ် လျှာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များအတွက် လျာထားအသုံးစရိတ် (၂၄,၅၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်၊

(၃) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် လျာထားအသုံးစရိတ် (၂၁၀,၀၀၀,၀၀၀) ကျပ် လျာထားသုံးစွဲရန်။

(၆) **လုပ်ငန်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှု။** လုပ်ငန်းပတ်သိမ်းခြင်းကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က က) ဖုန်မှုန့်များပျံ့လွင့်မှုမရှိစေရေး အမှုန်ထွက်ရှိနိုင်သည့် ပစ္စည်းအစုအပုံများအား လိုအပ်သလို အဖုံးအကာဖြင့် ဖုံးအုပ်ခြင်း သို့မဟုတ် ရေဖျန်းခြင်းများဆောင်ရွက်ရန်၊

(ခ ခ) အမှုန်များနှင့် ဖုန်မှုန့်ထွက်ရှိမှုများအတွက် သင့်လျော်သော အကာအကွယ်များထားရှိရန်၊ (ဥပမာ- Dust Screens၊ Sheeting သို့မဟုတ် Netting)

(ဂ ဂ) ခြောက်သွေ့ရာသီ၌ လိုအပ်သည့်အချိန်နှင့် လိုအပ်သည့်နေရာတွင် ရေလောင်းခြင်း၊ ရေဖျန်းခြင်းများဆောင်ရွက်ရန်၊

(ဃ ဃ) ယာဉ်နှင့် စက်ယန္တရားများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(c c) ယာဉ်များ၏ အမြန်နှုန်းကို ယာဉ်စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ကန့်သတ်ဆောင်ရွက်ရန်၊

(စ စ) သတ်မှတ်စံချိန်စံချိန်နှုန်းထက် မကျော်လွန်စေရန် HRSG Stack တွင် Continous Emission Monitoring System (CEMS) များကို တပ်ဆင်ရန်၊

(ဆ ဆ) စီမံကိန်းမှ GHG ထုတ်လွှတ်မှုကို စောင့်ကြည့်သည့် စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၂) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က က) ရေစီးကြောင်းများထဲသို့ ဝင်ရောက်ခြင်းမှ ရှောင်ရှားရန် လုပ်ငန်းခွင်နေရာရှိ အပျက်အစီးများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းပြီးမှ စွန့်ပစ်ရန်၊

(ခ ခ) ဘိလပ်မြေအစုအပုံနှင့် အခြားဆောက်လုပ်ရေးပစ္စည်းများကို အသုံးမပြုသည့်အခါ အဖုံးအကာဖြင့် ဖုံးအုပ်ထားရန်၊

(၈၈) ဆီ၊ လောင်စာဆီနှင့် ဓာတုပစ္စည်းများကို ညစ်ညမ်းမှုကာကွယ်ရေး ဆိုင်ရာ အဆောက်အအုံများရှိသည့် သတ်မှတ်ထားသော နေရာများတွင်သာ အသုံးပြု၍ သိမ်းဆည်းထားရန်၊

(ဃဃ) ဆီပါသောရေများ ထုတ်လွှတ်နိုင်သော နေရာများတွင် ဆီနှင့် ရေခွဲခြားသည့် ကိရိယာများ တပ်ဆင်ထားရန်၊

(၈၈) သင့်လျော်သော ယိုဖိတ်မှုတုံ့ပြန်ရေး လမ်းညွှန်ချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၈၈) ဟင်းလင်းပြင်ရှိ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းအစုအပုံများကို သင့်တော်သော ပစ္စည်းများ (ဥပမာ- တာလပတ် သို့မဟုတ် အလားတူပုံစံအသား) ဖြင့် ဖုံးအုပ်ထားရန်၊

(ဆဆ) မိုးရေစီးဆင်းမှုကို ထိန်းချုပ်ရန်အတွက် ရေနုတ်မြောင်းစနစ်အား စနစ်တကျ ဒီဇိုင်းရေးဆွဲခြင်း၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၈၈) ဓာတုပစ္စည်းများ သိုလှောင်မှုဧရိယာအနီးတစ်ဝိုက်တွင် ယိုဖိတ်မှု တုံ့ပြန်ရေးကိရိယာထားရှိရန်။

(၃) **မြေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခြင်း ကဲ့သို့သော ပြင်းထန်သော ရာသီဥတုအခြေအနေများကို ရှောင်ရှားနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုများကို အချိန်ဇယားထားရှိဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းအစုအပုံများကို အဖုံးအကာများဖြင့် ဖုံးခြင်း သို့မဟုတ် ရေဖျန်းခြင်းဆောင်ရွက်ရန်၊

(ဂဂ) Spill/ Drip Trays များ၊ ယိုဖိတ်မှုထိန်းချုပ်ရေးကိရိယာများ (Spill Control Kits) ထားရှိရန်၊

(ဃဃ) ဓာတုပစ္စည်းများ၊ လောင်စာဆီများ၊ ဆီများသိုလှောင်ရန်အတွက် လုံလောက်သော ဧရိယာများထားရှိရန်။

(၄) **ဆူညံသံစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) လုပ်ငန်းခွင်နေရာတွင် ကောင်းစွာထိန်းသိမ်းထားသော ကိရိယာများကို အသုံးပြုရန်၊

(ခခ) ယာဉ်နှင့် စက်ယန္တရားများအတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၈၈) စက်များအသုံးမပြုချိန်တွင် ရပ်နားထားခြင်း သို့မဟုတ် ပိတ်ထားခြင်း၊ လိုအပ်ပါက ဆူညံသံမြင့်သောနေရာများတွင် သင့်လျော်သော ဆူညံသံအတားအဆီးများကို တပ်ဆင်ရန်၊

(ဃဃ) လိုအပ်ပါက ဆူညံသံထွက်ရှိမှုလျှော့ချရန် Silencers ၊ Mufflers သို့မဟုတ် Acoustic Enclosures များကို တပ်ဆင်ရန်။

(၅) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြား၍ သင့်လျော်သော နေရာများတွင် သိမ်းဆည်းရန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(ခခ) အမှိုက်ပုံးများကို အန္တရာယ်ရှိသော အမှိုက်များ၊ အန္တရာယ်မရှိသော အမှိုက်များ၊ ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များစသည်ဖြင့် တံဆိပ်များကပ်ထားရန်၊

(၈၈) လေထု၊ မြေဆီလွှာနှင့် ရေထုများသို့ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ မတော်တဆ စွန့်ပစ်မှုများမှ ကာကွယ်နိုင်ရေး သို့မဟုတ် ထိန်းချုပ်နိုင်ရေး စနစ်တကျ သိမ်းဆည်းဆောင်ရွက်ရန်၊

(cc) ဆီ၊ ဓာတုပစ္စည်းနှင့် စွန့်ပစ်အစိုင်အခဲများကို လိုင်စင်ရ သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အမှိုက်စီမံခန့်ခွဲမှုကန်ထရိုက်များမှတစ်ဆင့် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်စွန့်ပစ်ခြင်းဆောင်ရွက်ရန်။

(၆) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) ငှက်၊ တွားသွားတိရစ္ဆာန်နှင့် အင်းဆက်ပိုးမွှားများပေါက်ဖွားသည့် ရာသီများတွင် နေရာရှင်းလင်းခြင်းကို ရှောင်ကြဉ်ရန်နှင့် အမဲလိုက်ခြင်း၊ တရားမဝင်သစ်ခိုးထုတ်ခြင်းတို့ကို ကန့်သတ်ထားရန်၊

(ခခ) ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှုနှင့်စပ်လျဉ်း၍ အသိပညာပို့ချခြင်းများ ဆောင်ရွက်ရန်။

(၇) **လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းမစတင်မီ ဆောက်လုပ်ရေး အလုပ်သမားများအားလုံးကို ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချရန်၊

(ခခ) အလုပ်သမားများအားလုံး သန့်ရှင်းသောရေ၊ အစားအစာနှင့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများ ရရှိစေရေး အလေးထားဆောင်ရွက်ရန်။

(၈) **အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(ကက) အန္တရာယ်များသည့် နေရာများကို အကာအရံများချထားရန်နှင့် သတိပေးဆိုင်းဘုတ်များထားရှိရန်၊

(ခခ) ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချရန်။

ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၉။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမှုလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာ၊ အားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုများ မပြုလုပ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအားသက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံသံနှင့် တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်များနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ စွန့်ပစ်ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ထိတွေ့ဝန်းကျင် လေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိတွေ့ဝန်းကျင် လေအရည်အသွေးစံနှုန်းများ သတ်မှတ်ထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၃) စံနှုန်းများထုတ်ပြန်ခြင်းမပြုမီ ကြားကာလအတွင်း လေထုအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တိုင်းတာချက်ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များအား တိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) အနီးပတ်ဝန်းကျင် ရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အနီးပတ်ဝန်းကျင် ရေအရည်အသွေးဆိုင်ရာ စံနှုန်းများထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၅) အလုပ်သမားတန်းလျားများ၊ နေအိမ်များနှင့် မီးဖိုချောင်များမှ ထွက်ရှိလာသော စွန့်ပစ်ရေများ၊ မိလ္လာစနစ်များမှ ထွက်ရှိလာသော စွန့်ထုတ်ရေများအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များအား တိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) သောက်သုံးရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော အမျိုးသားသောက်သုံးရေဆိုင်ရာ အရည်အသွေးစံနှုန်းများ၏ လမ်းညွှန်ချက်ပါ သတ်မှတ်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) ဆူညံသံအဆင့်စံနှုန်းများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၃ ပါ Parameter များအား တိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆူညံသံအဆင့်သတ်မှတ်ချက်များထက် ကျော်လွန်ခြင်း သို့မဟုတ် စီမံကိန်းလုပ်ငန်း၏ အပြင်နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့်သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး ဆောင်ရွက်ရန်၊

(၈) စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့် သုံးစွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့် ရေတို့ကို ထိရောက်အကျိုးရှိစွာ သုံးစွဲကြောင်း သေချာစေရန် သင့်လျော်သောနည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သော အစားထိုး ပစ္စည်းများရရှိနိုင်ခြင်း ရှိ/ မရှိကို အနည်းဆုံး (၃) နှစ်တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရှိရမည်။

(ဃ) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းလုပ်ငန်းတွင် လေအရည်အသွေးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) တွင် သတ်မှတ်ဖော်ပြထားသည့် သတ်မှတ်စံနှုန်းများထက် ကျော်လွန်မှု မရှိစေရေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသည့်စနစ် (Continuous Emission Monitoring System) အနေဖြင့် ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသည့်စနစ် လည်ပတ်ရာတွင် ပုံမှန်စံကိုက်ညှိမှုလုပ်ငန်း (Carlibration) များဆောင်ရွက်ခြင်း၊ အရည်အသွေးထိန်းချုပ်မှုနှင့် အာမခံချက်များ (Quality Control and Assurance) ကို စစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်၊

(၃) ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုသည့်စနစ် ကောင်းမွန်စွာလည်ပတ်နိုင်မှုအခြေအနေအား သိရှိနိုင်ရေး အောက်ပါအချက်အလက်များအား မှတ်တမ်းတင်ပြုစုထိန်းသိမ်းထားရှိရန်-

(ကက) စံကိုက်ညှိမှုလုပ်ငန်း (Carlibration) မှတ်တမ်းများ၊

(ခခ) ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း (Maintenance) မှတ်တမ်းများ၊

(ဂဂ) စက်ယန္တရားချွတ်ယွင်းမှု (Equipment Fault) မှတ်တမ်းများ၊

(ဃဃ) စက်ယန္တရားလက်စွဲစာအုပ် (Manual) များ၊

(cc) လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ (Standard Operation Procedures of CEMS)။

(c) **မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်း သို့မဟုတ် စက်ပစ္စည်း သို့မဟုတ် စက်ယန္တရားတစ်ခုခုပြောင်းလဲသုံးစွဲသည့်အခါ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် မတူကွဲပြားသော နည်းပညာများ၊ အသုံးပြုမည့်ပစ္စည်းများ၊ သယ်ယူပို့ဆောင်မည့်နည်းလမ်းများ အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ကာဗွန်ထုတ်လွှတ်မှုအား ပြန်လည်ဖာထေးသည့် နည်းလမ်းများ (ဥပမာ- သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ) အား စီမံကိန်းမှ ဆောင်ရွက်မည့် လူမှုအကျိုးပြုအစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်ယာဉ်ကြောသွားလာမှုလမ်းကြောင်းတွင် ယာဉ်သွားလာမှုမှ ထွက်ရှိသောအမှုန်နှင့် အခိုးအငွေ့ထုတ်လွှတ်မှုများကို လျှော့ပါးစေရေးအစီအမံများ ချမှတ်ဆောင်ရွက်ရန်။

(စ) **ရေအသုံးပြုမှုနှင့်စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်ရန်အတွက် (အထူးသဖြင့် အအေးခံတာဝါများအတွက်) မည်သည့် မြေအောက်ရေအရင်းအမြစ်ကိုမှ သုံးစွဲခြင်းမပြုရန်၊

(၂) ရေစီးရေလာကောင်းမွန်စေရေး စီမံကိန်းရေယာအတွင်းရှိ ရေနုတ်မြောင်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၃) အဆိုပြုစီမံကိန်းမှ ထွက်ရှိနိုင်မည့် စွန့်ပစ်ရေများအား ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး သန့်စင်ပြီးမှသာ စီမံကိန်းဧရိယာပြင်ပသို့ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ရေ (Site Runoff and Wastewater Discharges) အား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များအား တိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းလည်ပတ်ရာမှ ထွက်ရှိလာသော ဆူညံသံများကို ကောင်းမွန်စွာ ထိန်းချုပ်ထားရှိသည့် နည်းလမ်းများကို

ဆောင်ရွက်ရမည်ဖြစ်ပြီး ဆူညံသံမြင့်မားသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများအတွက် လိုအပ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ပစ္စည်းများဖြစ်သည့် နားကြပ်များ၊ နားအုပ်များကို လုံလောက်စွာ ထားရှိရမည်။

(၈) **စွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** အပိုဘေးထွက်ပစ္စည်းများအား ပြင်ပသို့ စွန့်ပစ်ရန် သို့မဟုတ် ရောင်းချရန် လိုအပ်ပါက ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

(၈၂) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိအစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်ခြင်းအဆင့်နှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်တို့တွင် ဘေးအန္တရာယ်ရှိပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် Personal Protective Equipment (PPE) အသုံးပြုရန်၊

(၂) သက်တမ်းကုန်ဆုံးပြီးဖြစ်သော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအား အသိပညာပေးမည့်အစီအစဉ်များအား ဆောင်ရွက်ရန်၊

(၃) အခြားအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား သီးခြားသတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများမှ စိမ့်ထွက်အရည်များ ထွက်ရှိခြင်းကြောင့် မြေအောက်ရေထိခိုက်နိုင်ခြင်းမရှိစေရေး စွန့်ပစ်သည့် နေရာအား Impermeable Layer နှင့် Leachate Collection System များ ထည့်သွင်းတည်ဆောက်၍ စနစ်တကျ စီမံခန့်ခွဲရန်၊

(၄) လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း အန္တရာယ်ရှိပစ္စည်းများအား အသုံးပြုသည့် ပမာဏများနှင့် အသုံးပြုခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်း အစရှိသည့် လုပ်ငန်းများအား မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပြီး ၎င်းမှတ်တမ်းများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် ထည့်သွင်းဖော်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် အန္တရာယ်ရှိပစ္စည်းများ၊ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ မတော်တဆ ဖိတ်စင်မှု/ရောက်ရှိမှု ဖြစ်ပွားပါက အဆိုပါဖြစ်ရပ်အား ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။ ၎င်းဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပွားခဲ့သော ပတ်ဝန်းကျင် (သို့မဟုတ်) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်ရောက်မှုများ၊ ၎င်းသက်ရောက်မှုများအား ကုစားဆောင်ရွက်ချက်များ အစရှိသည့် အကြောင်းအရာများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၆) စီမံကိန်းအတွင်းအသုံးပြုသော ဓာတုပစ္စည်း၊ လောင်စာဆီနှင့် အခြားစက်ဆီများအား မြန်မာနိုင်ငံ၏ စံချိန်စံညွှန်း၊ သတ်မှတ်ချက်များနှင့်အညီ သိုလှောင်၊ စီမံ၊ ကိုင်တွယ်အသုံးပြုရန်၊

(၇) ဓာတုပစ္စည်းနှင့် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်းအား စိတ်ချရသော နေရာ၊ ကန့်သတ်ထားသော နေရာများတွင်သာ ထားရှိရန်၊

(၈) ဓာတုပစ္စည်းနှင့် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်ထားသည့် ကန့်သတ်ထားသောနေရာအား စိုစွတ်သည့် ရာသီ၊ ခြောက်သွေ့သည့်ရာသီများအတွက် ထည့်သွင်းစဉ်းစားရန်၊

(၉) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံကိန်းနှင့် ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် သိုလှောင်၊ စီမံခန့်ခွဲ၍ ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများထံတွင်သာ စွန့်ပစ်ရန်၊

(၁၀) စီမံကိန်းအကောင်အထည်ဖော်သူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ပါဝင်သော အချက်အလက်များနှင့်အညီ စီမံခန့်ခွဲရန်အတွက် တာဝန်ယူရန်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအနီးတစ်ဝိုက်ရှိ ဒေသမျိုးရင်းများကို စီမံကိန်းဧရိယာပတ်ပတ်လည်တွင် ပြန်လည်စိုက်ပျိုး၍ စီမံကိန်းဧရိယာတစ်ဝိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှတွက်ရှိလာမည့် စွန့်ပစ်ရေများသည် မြစ်ထဲရှိ သက်ရှိများ၊ အပင်မျိုးစိတ်များနှင့် နေရင်းဒေသအား ထိခိုက်နိုင်မှုမရှိစေရေး စောင့်ကြပ်ကြည့်ရှုရန်။

(ဌ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊

အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေး နှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း နှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် ဝန်ထမ်းများအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပုံမှန်သင်တန်းများ ဆောင်ရွက်ရန်။

(၆) **အရေးပေါ်ဘေးအန္တရာယ်တုံ့ပြန်မှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အထူးသဖြင့် ပူပြင်း၍ ခြောက်သွေ့သော နေ့ရာသီကာလများတွင် မီးအန္တရာယ် ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် လုံလောက်သော မီးဘေးအန္တရာယ်လုံခြုံမှု လုပ်ငန်းများအား ဆောင်ရွက်ထားရှိရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ရာသီအလိုက် ရေကြီးချိန်တွင် အန္တရာယ်ရှိသော ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား ရေနှင့်အတူ မျောပါမှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းယာယီစုပုံရာနေရာများ၊ နောက်ဆုံးစွန့်ပစ်ရာနေရာများကို ကောင်းမွန်စွာ စီမံခန့်ခွဲထားရှိရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် လုပ်သားများအားလုံးအား တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အရေးပေါ်ဘေးအန္တရာယ်ဆိုင်ရာ သင်တန်း များပေးခြင်း၊ ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများ၊ စက်ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် လိုအပ်သော လုပ်ငန်းခွင်သုံး ကာကွယ်ရေးပစ္စည်း များ (PPEs) အား ထောက်ပံ့ပေးရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းလည်ပတ်ခြင်းမစတင်မီတွင် မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်များပါဝင်သော အရေးပေါ်အစီအစဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းအား ရေးဆွဲရန်၊

(၅) အရေးပေါ်အစီအစဉ်တွင် ဝန်ထမ်းများအတွက် သင်တန်းနှင့် ဘေးအန္တရာယ် ဖြစ်နိုင်မှုအား ဖော်ထုတ်ခြင်း၊ လျော့နည်းအောင် ပြုလုပ်ခြင်းနှင့် လျော့နည်း စေခြင်းတို့ ပါဝင်ရန်။

(၇) **ပြုပြင်ထိန်းသိမ်းခြင်းနှင့်စစ်ဆေးမှုခံယူခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်း တွင် အသုံးပြုလျက်ရှိသည့် ဘွိုင်လာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း များ ဆောင်ရွက်ရန်နှင့် နှစ်စဉ် ဘွိုင်လာစစ်ဆေးရေးဌာန၏ စစ်ဆေးမှုကိုခံယူရမည်။

(၆) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(၁) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့်အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှုအခြေအနေများ (ဥပမာ- လက်ရှိတွင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြားချက်များကို ဖြေရှင်းထားရှိမှုအခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီးဌာနသို့ (၆) လအတွင်း သီးခြား အစီရင်ခံတင်ပြရန်၊

(၂) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၃) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ်ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၄) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၅) ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ တောင်းဆိုချက်များအား စီမံကိန်းတွင် ဆောင်ရွက်မည့် CSR plan တွင် ချိတ်ဆက်၍ ဆောင်ရွက်ရန်။

(၈) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိလိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်၊

(၄) စီမံကိန်းပိတ်သိမ်းခြင်းလုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ ဖြစ်လာနိုင်သည့် သက်ရောက်မှုများဖြစ်သည့် လေအရည်အသွေး၊ ဆူညံသံ၊ ရေအရည်အသွေး၊ ဇီဝမျိုးစုံမျိုးကွဲများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စွန့်ပစ်ပစ္စည်းများ ထုတ်လွှတ်ခြင်း၊ မြေဆီလွှာအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုရန်။

(တ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သောမတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြခြင်း၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရခြင်း၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်းကောင်း ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရခြင်း၊

(၈) စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းတည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း သို့မဟုတ် လုပ်ငန်းပိတ်သိမ်းခြင်းတို့ကြောင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုကို လျှော့ချရန် သို့မဟုတ် တားဆီးရန်လက်တွေ့ကျသော နည်းလမ်းများနှင့် ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၊

(၉) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ထ) **စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရမည်ဖြစ်ပြီး အစီရင်ခံရမည့် ကာလကုန်ဆုံးပြီးနောက် (၃၀) ရက်အတွင်း တင်ပြရမည်။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ

ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ဖော်ပြထားသည့် အစီအစဉ်အတိုင်း တင်ပြရန်၊

(၂) စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများတွင် အောက်ပါအချက်များ ထည့်သွင်း ဖော်ပြရန်-

(ကက) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ အစီအစဉ်အားလုံးကို လိုက်နာဆောင်ရွက်ထားကြောင်း သက်သေခံစာရွက်စာတမ်းများ၊

(ခခ) တင်ပြထားသော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် နှိုင်းယှဉ်ဖော်ပြထားသည့် (အစီရင်ခံသည့်အချိန်အထိ) အကောင်အထည်ဖော်ခြင်းလုပ်ငန်းတိုးတက်မှုအခြေအနေ၊

(ဂဂ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားဆောင်ရွက်ရန် အကြံပြုချက်များနှင့် အနာဂတ်တွင် ယင်းအခက်အခဲများကို ရှောင်ရှားရန် သို့မဟုတ် ကြိုတင်ကာကွယ်ရန် အဆင့်များ၊

(ဃဃ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များကို မလိုက်နာသည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်၊ ကုစားဆောင်ရွက်ရန် အဆိုပြုသည့် နည်းလမ်းများနှင့် ကုစားဆောင်ရွက်ရေးလုပ်ငန်းများ ပြီးစီးရမည့် အချိန်ဇယား၊

(ငင) စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အကျဉ်းချုပ်၊

(စစ) ရှင်းပြချက်များ၊ မှတ်ချက်များပါဝင်သည့် မိမိအစီအစဉ်ဖြင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာများအကျဉ်းချုပ်၊

(ဆဆ) လုပ်ငန်းခွင်နှင့် ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် မတော်တဆမှုများ၊ ဖြစ်ရပ်များ အကျဉ်းချုပ်၊

(ဇဇ) တိုင်ကြားမှုများ၊ နစ်နာစေသည့် အကြောင်းအချက်များ၊ ပြန်လည်ဖြေရှင်းထားရှိမှုများအကျဉ်းချုပ်၊

(စျစျ) ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(ညည) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ကတိပြုထားသော သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ သို့မဟုတ် အခြားနည်းဖြင့် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာရန်အချက် (Parameter) များနှင့် စည်းကမ်းချက်များအား စောင့်ကြပ်တိုင်းတာသည့် အချက်အလက်များနှင့် ၎င်းရလဒ်များ အပေါ် ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်းခြားမှုများ။

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြဖြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးစလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်

ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ် အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓါတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေး

ခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်၊

(၁၀) ထိတွေ့ဝန်းကျင် လေအရည်အသွေးအား တိုင်းတာရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ) တွင် သတ်မှတ်ထားသည့် ပါရာမီတာများဖြစ်သော NO_2, O_3, PM_{10}, $PM_{2.5}$, SO_2 ပါရာမီတာအားလုံးတိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုရန်၊

(၁၁) အများပြည်သူမှ စီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်ချေရှိသော သက်ရောက်မှုများ အပေါ် စိုးရိမ်ကြောင့်ကြမှုများ လျော့ကျစေရန်အတွက် မိုးရာသီတွင် ပထမဦးဆုံး ရွာသွန်းသည့် မိုးရေ၏ချဉ်ငန်ကိန်း (pH Value) အား ကောက်ယူတိုင်းတာရန်၊

(၁၂) စီမံကိန်းအနီးရှိကျေးရွာများ၏ မြေအောက်ရေအရည်အသွေးအား စောင့်ကြည့်တိုင်းတာရာတွင် ဤပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ သောက်သုံးရေအရည်အသွေးဆိုင်ရာ ပါရာမီတာများအား တိုင်းတာဆန်းစစ်ရန်၊

(၁၃) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်ရောက်မှုများဖြစ်သော လုပ်ငန်းခွင် လေအရည်အသွေး၊ ဆူညံသံနှင့် တုန်ခါမှုများအတွက် သက်ရောက်မှုလျော့ပါးစေရေးနည်းလမ်းများ ဆောင်ရွက်ထားရှိမှုများအား သေချာစေရန်အတွက် လုပ်ငန်းခွင်စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်သွားရန်၊

(၁၄) အလုပ်သမားများအား ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၁၅) စီမံကိန်းအဆိုပြုသူမှ စီမံကိန်းအနီးရှိ ကျေးရွာများ၌ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသခံပြည်သူများ သို့မဟုတ် သက်ဆိုင်ရာ ကျေးရွာများမှ ကိုယ်စားလှယ်/ စိတ်ပါ

ဝင်စားသူများအား ပါဝင်စေခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ရန်၊

(၁၆) စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်း (၅) နှစ်အတွင်း ထိတွေ့ဝန်းကျင် လေအရည်အသွေးတိုင်းတာမှုရလဒ်များကိုစုစည်း၍ ထိုကာလအတွင်း ပြောင်းလဲမှုများကို ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်းခြားမှုများနှင့်အညီ ဆန်းစစ်သုံးသပ်ပြီး ဝန်ကြီးဌာနသို့ သီးခြားအစီရင်ခံစာတစ်ခုအနေဖြင့် သက်သေခံလက်မှတ် သက်တမ်းတိုးမည့်အချိန်တွင် အစီရင်ခံတင်ပြရန်၊

(၁၇) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများဆောင်ရွက်ရာ၌ စီမံကိန်းမစတင်မီ အနီးပတ်ဝန်းကျင် ရေအရည်အသွေးအခြေအနေကို အခြေခံအဖြစ် ထည့်သွင်းစဉ်းစား၍ အနီးပတ်ဝန်းကျင် ရေထုအား ညစ်ညမ်းမှုရှိ/ မရှိအား စောင့်ကြပ်ကြည့်ရှုရန်၊

(၁၈) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပြင် အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရန်-

(က၀) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်း အလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(ခ၀) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခုထုတ်လွှတ်ခြင်း၊

(ဂ၀) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ချိုးဖောက်ခြင်း၊

(ဃ၀) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ အသိပေးအကြောင်းကြားရာတွင် ဆောင်ရွက်ထားပြီးသော လျော့ပါးစေရေးနည်းလမ်းများနှင့် စီမံကိန်းလည်ပတ်မှုတွင် ပြောင်းလဲလုပ်ဆောင်ရန် အဆိုပြုသည့် လုပ်ငန်းများကိုလည်း ရှင်းလင်းဖော်ပြပေးရန်။

(၀) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့အကြောင်းကြားရမည်။

(နှ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့်တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းတွင် အိမ်ရာပြောင်းရွှေ့ရန်၊ ပြန်လည်နေရာချထားပေးရန် သို့မဟုတ် နေရာရွှေ့ပြောင်းပေးရန် လိုအပ်ပါက စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက အတည်ပြုထားသည့် အစီရင်ခံစာပါ ပြန်လည်နေရာချထားရေး လုပ်ငန်းစီမံချက်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ တောင်းဆိုချက်များသာမက ၎င်းတို့အမှန်တကယ်လိုအပ်သည့် လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းပေးနိုင်ရန်အတွက် Need-Based Assessment အပေါ်အခြေခံ၍ ဆောင်ရွက်ရန်၊

(၅) ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်

နှင့် ဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Township Development Plan) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထပ်မံလိုအပ်နိုင်မည့် လုပ်သားအင်အားခန့်မှန်းချက်များကို အခြေခံ၍ ဒေသခံလူငယ်များအား လိုအပ်သော သင်တန်းများပို့ချပြီး အလုပ်ခန့်အပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများအား ဖန်တီးရန်။

(ပ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်နေစဉ်ကာလအတွင်း ဒေသခံများနှင့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များအတွက် အချက်အလက်ထုတ်ပြန်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ရန်နှင့် ထိုအစီအစဉ်၌ စီမံကိန်း၏ လုပ်ငန်းစဉ်များတွင် ပြောင်းလဲမှု တစ်စုံတစ်ရာပြုလုပ်ခြင်းကြောင့်သော်လည်းကောင်း၊ ထပ်တိုးလုပ်ဆောင်မှု တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း ဒေသခံပြည်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များအပေါ် သက်ရောက်မှု တစ်စုံတစ်ရာရှိနိုင်မည်ဆိုပါက ဒေသခံများသို့ ကြိုတင်အသိပေး၍ တိုင်ပင်ဆွေးနွေးမည့်အစီအစဉ်ပါဝင်ရန်။

(ဖ) **အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့်အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှုအခြေအနေများ (ဥပမာ- လက်ရှိတွင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြား

ချက်များကို ဖြေရှင်းထားရှိမှုအခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီးဌာနသို့ (၆) လအတွင်း သီးခြား အစီရင်ခံတင်ပြရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် တိုင်ကြားမှုနှင့် ပြဿနာစီမံခန့်ခွဲရေးတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထူထောင်၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်-

(က က) စီမံကိန်းအကျိုးဆက်စပ်သူများထံမှ ဘောင်ဝင်သော တိုင်ကြားချက်များကို စိစစ်သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ (ဘောင်ဝင်သော တိုင်ကြားချက်များတွင် စီမံကိန်းနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသော ကန်ထရိုက်တာ၊ လက်ခွဲကန်ထရိုက်တာ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ ရန်ပုံငွေများကို အလွဲသုံးခြင်းနှင့် အခြားပုံမှန်မဟုတ်သည့် ကိစ္စရပ်များအား တိုင်ကြားခြင်း၊ ပြန်လည်နေရာချထားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျား/ မ တန်းတူညီမျှမှုတို့ အပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် နစ်နာမှုများကို တိုင်ကြားခြင်းစသည်တို့ ပါဝင်ကြသည်။)

(ခ ခ) နစ်နာမှုများကို တက်ကြွစွာဖြင့် ကြိုတင်ဖြေရှင်းပေးခြင်း၊

(ဂ ဂ) ရွေးချယ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်/ လုပ်ငန်းကို တိုင်ကြားသူများသို့ အသိပေးအကြောင်းကြားခြင်း၊

(ဃ ဃ) လက်ခံရရှိသည့် တိုင်ကြားချက်အရေအတွက်၊ ဖြေရှင်းပြီးသည့် တိုင်ကြားချက်အရေအတွက်၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်း၏ အပြီးသတ် အကျိုးရလဒ်များ၊ ရွေးချယ်ဆောင်ရွက်သော ဖြေရှင်းရေးလုပ်ငန်းစဉ်စသည်တို့နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်အစီရင်ခံစာများကို အချိန်ကာလ အလိုက်ပြုစုခြင်းနှင့် ထိုအစီရင်ခံစာများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖတ်ရှုနိုင်ရေး တင်ပြရန်။

(၃) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီနှင့် စီမံကိန်းသက်တမ်း တစ်လျှောက်လုံးအတွက် ဒေသခံပြည်သူများထံမှ တိုင်ကြားချက်များကို လက်ခံရန်ဖြစ်စေ သို့မဟုတ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘောတူညီထားချက်အရဖြစ်စေ အောက်ပါ တို့ကို ဆောင်ရွက်ထားရမည်-

(က၀) စီမံကိန်းတည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် (၂၄) နာရီခေါ်ဆိုနိုင်သည့် တယ်လီဖုန်းနံပါတ်တစ်ခုထားရှိရန်၊

(ခ၀) စာဖြင့်ရေးသားထားသော တိုင်ကြားချက်များကို ပေးပို့နိုင်ရန်အတွက် စာပို့လိပ်စာတစ်ခုထားရှိရန်၊

(ဂ၀) စီမံကိန်းမှ တိုင်ကြားချက် ဖြေရှင်းပေးမှု အစီအစဉ်များအား အများပြည်သူမှ ကောင်းမွန်စွာ သိရှိနားလည်စေရန်အတွက် စီမံကိန်းအဆိုပြုသူ၏ အင်တာနက် ဝက်ဘ်ဆိုဒ် / Facebook စာမျက်နှာနှင့် စီမံကိန်းအနီးမှ ကျေးရွာများရှိ အများပြည်သူစုဝေးရာ သတင်းအချက်အလက်စင်တာများတွင် ထုတ်ပြန်ထားရှိရန်၊

(ဃ၀) တိုင်ကြားချက်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့နိုင်ရန်အတွက် အီးမေးလ်လိပ်စာတစ်ခုထားရှိရန်နှင့် တယ်လီဖုန်းနံပါတ်၊ စာပို့လိပ်စာနှင့် အီးမေးလ်လိပ်စာတို့ကို တည်ဆောက်ရေးလုပ်ငန်းများမစတင်မီတွင် စီမံကိန်းအဆိုပြုသူ၏ အင်တာနက်ဝက်ဘ်ဆိုဒ် သို့မဟုတ် ပြည်သူများရှင်းလင်းစွာတွေ့မြင်နိုင်သည့် အနေအထားဖြင့် လုပ်ငန်းခွင်၏ အဝင်ဝအနီးတွင် ဆိုင်းဘုတ်တစ်ခုဖြင့် ရေးသားဖော်ပြပေးထားရန်။

(၄) စီမံကိန်းအဆိုပြုသူသည် လက်ခံရရှိသည့် တိုင်ကြားချက်များ အားလုံးကို အောက်ပါအချက်များပါဝင်သော အမြဲဆောင်ရွက်နေသည့် တိုင်ကြားချက်မှတ်တမ်းတင်စာအုပ်ထားရှိရမည့်အပြင် အဆိုပါတိုင်ကြားချက်မှတ်တမ်းတင်စာအုပ်ကို သယံဇာတနှင့် သဘာ၀ပတ်၀နိုင်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စစ်ဆေးရန် တောင်းခံလာပါက ပေးအပ်တင်ပြရမည်-

(က၀) တိုင်ကြားသည့် နေ့ရက်နှင့် အချိန်၊

(ခ၀) တိုင်ကြားသည့် နည်းလမ်း၊ (တယ်လီဖုန်း၊ စာ၊ အီးမေးလ်ဖြင့်)

(ဂ၀) တိုင်ကြားသူက ဖော်ပြထားသော ပုဂ္ဂိုလ်ရေး အသေးစိတ်အချက်အလက်များ၊

(ဃဃ) တိုင်ကြားသည့် အကြောင်းအရာ၊

(cc) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက ဆောင်ရွက်ထားသည့် အကောင်အထည်ဖော်မည့် အချိန်ဇယားများပါသော အရေးယူဆောင်ရွက်ချက်၊

(စစ) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက မည်သည့် လုပ်ဆောင်ချက်မှ ဆောင်ရွက်ထားခြင်းမရှိပါက အဘယ်ကြောင့် မဆောင်ရွက်ရသည်ဟူသော အကြောင်းပြချက်။

(ဇ) **လုပ်သားများနစ်နာမှုဖြေရှင်းပေးရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်ဆောင်ရွက်စဉ်အတွင်း လုပ်သားများ၏ တိုင်ကြားချက်/နစ်နာချက်များကို ပြန်လည်ဖြေရှင်းပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ရမည်။ ယင်းတွင် နေရာထိုင်ခင်းအခြေအနေများကြောင့် ထွက်ပေါ်လာသော မကျေနပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရမည်။

(ဈ) **မမျှော်မှန်းနိုင်သော ထိခိုက်မှုများဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းတည်ဆောက်ခြင်း၊ လည်ပတ်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်းအဆင့်တစ်ခုခုတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၌ ထည့်သွင်းစဉ်းစားထားခြင်း မရှိသည့် မမျှော်မှန်းနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအန္တရာယ် သို့မဟုတ် ထိခိုက်မှုတစ်ခုခု ပေါ်ပေါက်လာပါက၊ စီမံကိန်းအဆိုပြုသူသည် ထိုသို့သော အန္တရာယ် သို့မဟုတ် ထိခိုက်မှုဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက်ဖြစ်ပေါ်သည့်ကိစ္စရပ်နှင့် အဆိုပြုထားသော ကုစားဆောင်ရွက်ရေး လုပ်ငန်းစီမံချက်တို့ကို အသေးစိတ်ရှင်းလင်းဖော်ပြလျက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

(မ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရမည်။

(ယ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု စီမံချက်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ဆက်စပ်သက်ရောက်မှု စီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအစိတ်အပိုင်းအသီးသီးမှ ဆက်စပ်၍ ထပ်တိုးဖြစ်ပေါ်နိုင်သော သက်ရောက်မှုများ

(ဥပမာ- လေထုအရည်အသွေးသက်ရောက်မှုများ)ကို ထိန်းချုပ်မည့် အစီအစဉ်များအား ပြင်ဆင်ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ထိန်းချုပ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလများအတွင်း အခြားသော ထုတ်လွှတ်မှုများလျှော့ချရေးနှင့် ထိန်းချုပ်ရေးနည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ထုတ်လွှတ်မှုထိန်းချုပ်စနစ်များ၊ ကိရိယာများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များအား ပုံမှန်စစ်ဆေးမည့် အစီအစဉ်များ၊ ထုတ်လွှတ်မှု ကန့်သတ်ချက်များနှင့် ၎င်းကန့်သတ်ချက်များထက် ကျော်လွန်ထုတ်လွှတ်မှု ရှိပါက တုံ့ပြန်ဆောင်ရွက်မည့်နည်းလမ်းများကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်းကာလနှင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလများအတွင်း လုပ်ငန်းများမှ ထွက်ရှိမည့် ဆူညံသံနှင့်တုန်ခါမှုများကို စီမံခန့်ခွဲမည့် နည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၄) ရေအရည်အသွေးစီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ ရေရယူသည့်အဆင့်မှ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ လှည့်လည်အသုံးပြုခြင်း၊ သန့်စင်ခြင်းမှ စွန့်ထုတ်ခြင်းအထိ ရေအရည်အသွေးစီမံခန့်ခွဲခြင်းအတွက် အစီအစဉ်များရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိပစ္စည်းများစီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ အမျိုးအစား၊ အတန်းအစားနှင့် အကန့်အသတ်များ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များကို သတ်မှတ်ဖော်ပြရမည်။ ၎င်းစီမံချက်တွင် "အရေးပေါ် တုံ့ပြန်မှုအစီအစဉ်" (Emergency Response Plan) အား ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၆) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ ထွက်ရှိသောစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ၊ အငွေ့) အမျိုးအစား၊ အတန်းအစားနှင့် ပမာဏများ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊

သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များ၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲသည့်နည်းလမ်းများ၊ နောက်ဆုံးစွန့်ပစ်သည့်နည်းလမ်းနှင့် နေရာများအစရှိသည်တို့ကို သတ်မှတ်ဖော်ပြရန်၊ ၎င်းစီမံချက်တွင် စီမံကိန်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲမှုအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၇) ယာဉ်သွားလာမှုနှင့် ယာဉ်ဝင်ရောက်မှုထိန်းချုပ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ ဝင်ရောက်သည့်နေရာများ ကန့်သတ်ခြင်း၊ ပစ္စည်းနှင့်လူများအား သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ စီမံကိန်းအတွင်းသို့ ဝင်ရောက်မှုထိန်းချုပ်ရေးနည်းလမ်းများအစရှိသည့် စီမံခန့်ခွဲမှုအစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၈) ဒေသခံများကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ရန် နည်းလမ်းများ၊ အစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့်စပ်လျဉ်း၍ လုပ်သားများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ၊ နေထိုင်စားသောက်မှုပုံစံများ၊ လုပ်ငန်းခွင်အခြေအနေစသည်တို့အတွက် သတ်မှတ်ချက်များပါဝင်သည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်ကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ၎င်းအားရေးဆွဲရာတွင် စီမံကိန်းနှင့်သက်ဆိုင်သည့် နိုင်ငံတကာလမ်းညွှန်ချက်များ (ဥပမာ- အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်း (IFC) ၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များ) အား ထည့်သွင်းစဉ်းစားရေးဆွဲပြီး လိုက်နာဆောင်ရွက်ရန်၊

(၁၀) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေးစီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုသယံဇာတများအတွက်

"မတော်တဆတွေ့ရှိမှု (Chance Find)" လုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းရေးနည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၁) ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အကျိုးဆက်စပ်သူများအား သရုပ်ခွဲဆန်းစစ်ခြင်း၊ ချိတ်ဆက်ပါဝင်စေရေးအတွက် မဟာဗျူဟာရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။ သတင်းအချက်အလက်ထုတ်ပြန်ခြင်းနှင့်ဖြန့်ဝေခြင်း။ တိုင်ပင်ဆွေးနွေးခြင်းနှင့်ပူးပေါင်းပါဝင်စေခြင်း။ မကျေနပ်မှုများအား တိုင်ကြားနိုင်မည့်အစီအစဉ်များ၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပူးတွဲစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်ခံရသည့် ဒေသခံများသို့ စဉ်ဆက်မပြတ် အစီရင်ခံခြင်းစသည်တို့ပါဝင်သည့် ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၂) ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများအား တိုက်ရိုက်အကျိုးရှိစေရန် စီမံကိန်းအဆိုပြုသူမှ ဆောင်ရွက်မည့်လုပ်ငန်းများကို စီမံချက်များဖြင့် စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများတွင် ပညာရေးအတွက် ကူညီပေးခြင်း၊ အခြေခံအဆောက်အဦးဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကူညီပေးခြင်း၊ ရပ်ရွာလူမှုရေးကိစ္စရပ်များကို ကူညီပေးခြင်း၊ စီးပွားရေးမြှင့်တင်ပေးခြင်း၊ ဒေသခံများကို အလုပ်အကိုင်ခန့်ထားခြင်းနှင့် ဒေသခံများထံမှ ပစ္စည်းဝယ်ယူရေးအစီအစဉ်များပါဝင်သည့် ဒေသဖွံ့ဖြိုးရေးစီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၃) အရေးပေါ်အခြေအနေတုံ့ပြန်ရေးစီမံချက်နှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်များနှင့် စက်ရုံမတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲထားသည့် အရေးပေါ်အခြေအနေတုံ့ပြန် ရေးနှင့် စီမံခန့်ခွဲရေးစီမံချက်တစ်ခုကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်နှင့် ၎င်းတွင် အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ထားမှုများ၊ အရေးပေါ်အခြေအနေအတွက် တုံ့ပြန်ဆောင်ရွက်မည့်အဖွဲ့၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်မည့်ဆက်သွယ်ရေးလုပ်ငန်းများ၊ အရေးပေါ်အခြေအနေအား တုံ့ပြန်ရန်အတွက်

အဆောက်အဦများ၊ စက်ယန္တရားများ၊ လုပ်ဆောင်မည့် လုပ်ငန်းများအစရှိသည့် အကြောင်းအရာများအား ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၁၄) ပတ်ဝန်းကျင်အရည်အသွေးများ စောင့်ကြပ်ကြည့်ရှုရေးစီမံချက်နှင့်စပ်လျဉ်း၍ တိုင်းတာရမည့်အချက် (Parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ အချက်အလက်စီမံခန့်ခွဲခြင်း၊ တိုင်းတာရေးကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့်ထိန်းချုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို သတ်မှတ်ဖော်ပြ၍ လိုက်နာဆောင်ရွက်ရန်။

သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၁၀။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ

၁၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

အထွေထွေစည်းကမ်းချက်များ

၁၂။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၃။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း၊ အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၅။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၆။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန်ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်

ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် မှုက်ကွက်မှကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၇။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ ဧည့်ကမ်းမျက်မှောက်ကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။